# အလိုအလျောက်တုန့်ပြန်ဆောင်ရွက်သည့်စနစ်

## "ARM"

ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့်ဒုက္ခသည်အမျိုးသမီးများအပေါ်  လိင်ပိုင်းဆိုင်ရာအကြမ်းဖက်၊
အဓမ္မပြုစော်ကားခံရပါက  လုပ်ဆောင်ရန်  အရာများ။

**အမျိုးသမီးများ နှီးနှောဖလှယ်ပွဲ (WE)**

**တိုင်းရင်းသားအလုပ်သမား  ကျန်းမာရေးနှင့်ပညာပေးအစီအစဉ် (MAP FOUNDATION)**

နှင့်  အကူအညီပေးသည့်  အဖွဲ့အစည်းများ

**CARAM-ASIA      IWDA     N(O)VIB      Reproductive Health for Refugees Consortium**

၂၀၀၅

# အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)

*ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့်ဒုက္ခသည်အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်၊ အဓမ္မပြုစော်ကားခံရပါက လုပ်ဆောင်ရန် အရာများ။*

**အမျိုးသမီးများ နှီးနှောဖလှယ်ပွဲ (WE)**

၂၀၀၃ ခုနှစ်– နိုဝင်ဘာလ

ထိုင်းနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေသည်။

*ထုတ်ဝေသူ –* တိုင်းရင်းသားအလုပ်သမား ကျန်းမာရေးနှင့်ပညာပေးအစီအစဉ် *(MAP)*
*P. O Box (7), Chiang Mai University*
*Chiang Mai, 50202, Thailand*
*E-Mail : map@mapfoundationcm.org, women@mapfoundationcm.org*

***Cover Design and photo by Estelle Cohenny-vallier***

*၂၀၀၃– ခုနှစ် အောက်တိုဘာလ*

# ကျေးဇူးတင်လွှာ

မိမိအပေါ်မုဒိမ်းမှုကျူးလွန်ခဲ့သူများကို ထိုင်းနိုင်ငံစစ်ခုံရုံးသို့ ယခုနှစ်အတွင်း ပို့ဆောင်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံမှအမျိုးသမီးငယ်များနှင့် မိန်းကလေးများအား အထူးလေးစားဂုဏ်ပြုပါကြောင်း ပဏာမအားဖြင့် မှတ်တမ်းတင်ပါသည်။ ဥပဒေကြောင်းအရ အမှန်တရားဖော်ထုတ်ရေးအတွက် သူမတို့၏ ရုန်းကန်ကြိုးပမ်း အားထုတ်မှုနှင့် ယင်းအမှုကိစ္စ ဖြစ်စဉ်တလျှောက်လုံး ပံ့ပိုးကူညီခဲ့ကြသောသူများ ကြုံတွေ့ခဲ့ကြရသည့် ရှုပ်ထွေးမှုများက အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ်တခု (ARM) ဖြစ်လာစေရန် အထောက်အကူပြု တွန်းအားပေး စေ့ဆော်ခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေကြောင်းအရ အမှုကို တရားရင်ဆိုင်ရာတွင် ဖြတ်သန်းခဲ့ရသည့် ခရီးစဉ်တလျှောက်လုံး ရရှိခဲ့သောအတွေ့အကြုံများက ဤ အလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) အတွက် အခြေခံ သတင်းအချက်အလက်များ ဖြစ်ပါသည်။

အမျိုးသမီးများ နှီးနှောဖလှယ်ပွဲများတွင် စုစည်းပါဝင်ဆောင်ရွက်ကာ မိမိတို့၏အတွေ့အကြုံ၊ အသိပညာများကို မျှဝေဆွေးနွေးခဲ့ကြသည့် ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ထားဝယ်၊ နာဂ၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ လီဆူး၊ ရခိုင်၊ ရှမ်း၊ အခါ၊ လားဟူ စသည့် တိုင်းရင်းသူရွှေ့ပြောင်းနေထိုင်အလုပ်လုပ်သူအမျိုးသမီးများနှင့် ဒုက္ခသည် အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးများ နှီးနှောဖလှယ်ပွဲ အစုအဖွဲ့များ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် ARM ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အစည်းအဝေးများတွင်၊ ဘာသာပြန်ပေးသူ အမျိုးသမီးများအားလုံးနှင့် ARM ကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ပေးသူများ၊ စာမူနှင့် တည်းဖြတ်ပေးသူ စာပြင်သူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

အကြမ်းဖက်ခံရသူများအား ကူညီပံ့ပိုး၍ လူမှုရေးနှင့် တရားဥပဒေရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးဆောင်ပေးမှုများရရှိရေးကို အဆင်ပြေ ချောမွေ့စေရန် အစဉ်တစိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသော ထိုင်းနိုင်ငံမှ ဒေသခံ ဆက်သွယ်ရေး ကွန်ယက်အဖွဲ့များဖြစ်သည့် အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများ (NGOs) ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ပါသည်။ အရေးကြုံသည့်အခါတိုင်းတွင် အဆင်သင့်ရပ်တည်ဆောင်ရွက်ပေးလျှက်ရှိသော အမျိုးသမီးများ၏ မိတ်ဆွေများဖောင်ဒေးရှင်း (Friends of Women Foundation) နှင့် ထိုင်းနိုင်ငံလုံးဆိုင်ရာ ဥပဒေအသင်းကြီးကိုလည်း အထူးတလည် ကျေးဇူးတင်ရှိပါသည်။

ဤအခြေအနေ ဖြစ်လာအောင် ဖြတ်သန်းခဲ့ရသည့်ခရီးမှာ ကြမ်းတမ်းခက်ထန်လှပါသည်။ ရေငုံနှုတ်ပိတ်နေရခြင်းနှင့် အငြင်းပယ်ခံနေရခြင်းများကို ရင်ဆိုင်နေရသည့်အခြေအနေများတွင် အမျိုးသမီးများအနေဖြင့် ကျိုးကြောင်းပြ ရင်ဆိုင်ဖြေရှင်းရသည်မှာ လွယ်ကူလှသည့် အရေးမဟုတ်ပေ။ သို့ရာတွင် ရွှေ့ပြောင်းသူ အမျိုးသမီးများနှင့် ဒုက္ခသည် အမျိုးသမီးများ၏တောင်းဆိုသံများအပေါ် တုံ့ပြန်ကူညီလုပ်ဆောင်မှုများ ယခင်ကထက် ပိုမိုများပြားလာသည်ကို လေးစားအားရမှုဖြစ်ကြောင်း မှတ်တမ်းတင်လိုပါသည်၊ အနာဂတ်ကာလတွင်လည်း အကြမ်းဖက် နှိပ်စက်ခံရမှုကို ခံစားရင်ဆိုင်ခဲ့ရသူများအား စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စသည်ဖြင့် အလုံးစုံကို ကူညီပံ့ပိုးမှုများ ဖြစ်စေသည့် အားလုံးစုစည်းစုပေါင်း၍ ပူးပေါင်းလုပ်ဆောင်တာဝန်ယူ ဖြေရှင်းပေးခြင်းများဖြစ်လာမည်ဟု ယုံကြည်ပါသည်။

လွန်ခဲ့သော လေးနှစ်ကျော်ကာလကတည်းကစတင်၍ အကြမ်းဖက် ကျူးလွန်ခံရမှုများ ဆန့်ကျင် တိုက်ဖျက်ရေး ဆောင်ရွက်ချက်စီမံကိန်း (Act Against Abuse) နှင့် အမျိုးသမီးများ နှီးနှောဖလှယ်ပွဲ စီမံကိန်း (Women’s Exchange) များဆောင်ရွက်ရန် MAP ဖောင်ဒေးရှင်းအတွက် ရရှိထားသည့် ကူညီပံ့ပိုးမှုများအားဖြင့် ဤ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) လုပ်ငန်းစဉ် တခုလုံး ဖြစ်မြောက်လာခြင်း ဖြစ်ပါသည်။ ထို့အပြင် ARM ကို ဘာသာစကားအမျိုးမျိုးသို့ ဘာသာပြန်ဆို၍ စီစဉ်ထုတ်ဝေနိုင်ရန် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုကိုလည်း ဆက်လက်ရရှိခဲ့ပါသည်။ စေတနာရက်ရောမှုများအပြင် စည်းရုံးခိုင်မာစွာဖြင့် ပေးကမ်းကူညီခဲ့ကြသည့် အလှူရှင်မိတ်ဆွေများဖြစ်သည့်–

CARAM - Asia
Interanational Womens' Development Agency (IWDA), Australia
NOVIB (The Netherlands) နှင့်
The Norwegian Refugee Council တို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ထို့အပြင် မိမိနယ်မြေပိုင်နက်ပေါ်တွင်နေထိုင်လျက်ရှိသော အမျိုးသမီးများအားလုံး တရားမျှတမှုကို ခံစားစေနိုင်ရေးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသော ထိုင်းအစိုးရနှင့်ထိုင်းပြည်သူလူထုများအားလည်း များစွာကျေးဇူးတင်ပါသည်။

ကူညီပံ့ပိုးမှုများ ချို့တဲ့သည့်ကြားမှ ရန်းကန်ကာ ရပ်တည်ရှင်သန်ကြသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်လုပ်သူအမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများ၏ အားမာန်၊ နိုင်နင်းစွာတုံ့ပြန်ဆောင်ရွက်တတ်ပုံ နည်းစနစ်များသည် မိမိတို့အမျိုးသမီးများအားလုံးဆထက်ထမ်းပိုးတိုးလုပ်ဆောင်ရန် လှုံ့ဆော်သည့် တွန်းအားများဖြစ်ကြောင်း နောက်တကြိမ် ထပ်မံ၍ ဂုဏ်ပြုစကားလက်ဆောင်ပါးလိုပါသည်။ လာမည့် အနာဂတ်ကာလတွင် အကြမ်းဖက်ခံရသူ အမျိုးသမီးများ၊ သူမတို့၏ရပ်တည်ရှင်သန်ရေးကို သူတို့နည်းသူတို့ဟန်ဖြင့် သူတို့ကိုယ်တိုင် ရွေးချယ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အမျိုးသမီးများ နီးနှောဖလှယ်ရေး (WE) နှင့်
အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆောင်ရွက်မှု စီမံကိန်း၊
MAP Foundation
ချင်းမိုင်မြို့၊ ၂၀၀၃-ခုနှစ်၊ စက်တင်ဘာလ။

# မိတ်ဆက်နိဒါန်း

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏နောက်ခံသမိုင်းကြောင်း

သင် (သို့မဟုတ်) သင်သိကျွမ်းသူတစ်ယောက်ယောက် မုဒိမ်းကျင့်ခံရပါက၊ မည်သည့်နေရာသို့ သွားရောက်အကူအညီတောင်းရမည် သို့မဟုတ် မည်သို့ပြုလုပ်ဆောင်ရွက်ရမည် လူအတော်တော်များများက မသိကြပေ။ ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်များ၏လူမှုအဖွဲ့အစည်းအနေဖြင့် မည်သို့ လုပ်ဆောင်မည်၊ မည်သူ့ထံတွင် အကူအညီတောင်း၍ ရှုပ်ထွေးလှသော တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုရရှိစေမည် စသည်တို့ကို သိရှိမထားပါက၊ မတရားအကြမ်းဖက်ကျူးလွန်မှုကို ခံစားရသူများမှာ ထပ်မံ၍ နစ်နာမည့်ဘေးနှင့် ရင်ဆိုင်ကြရပြီး၊ ယင်းလူမှုအဖွဲ့အစည်းမှာလည်း လုပ်ဆောင်နိုင်စွမ်းအာဏာမဲ့ခြင်းကို ခံစား ကြုံတွေ့ရသည့်အတွက် ကိုယ့်ကိုကိုယ် လေးစားယုံကြည်မှု၊ တန်ဘိုးထားမှုများ လုံးဝဆုံးရှုံးသွားစေပါသည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)က ထိုအကြမ်းဖက်ကျူးလွန်မှုကိစ္စရပ်များ ကြုံတွေ့သည့်အခါတွင် အကြမ်းဖက်ခံရသူများနှင့် သူတို့အားကူညီထောက်ကူပေးသူများ လုပ်ဆောင်ရမည့်အဆင့် (၁၀)ချက်ကို ချမှတ်ရှင်းပြပေးထားသည့်အပြင် လူမှုအဖွဲ့အစည်းများအတွင်း အကြမ်းဖက်ကျူးလွန်မှုများ လျော့ပါးလာစေရန် လုပ်ရှားဆောင်ရွက်နိုင်သည့်လုပ်ငန်းများအတွက် အကြံဉာဏ်များကိုလည်း ပေးထားပါသည်။

ထိုင်း–မြန်မာနယ်စပ်ဒေသတွင် နေထိုင်သော ရွှေ့ပြောင်းအလုပ်လုပ်သူနှင့် ဒုက္ခသည်အမျိုးသမီးများက အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ဖြစ်ထွန်းလာအောင် ပုံဖော်ခဲ့သူများဖြစ်ပါသည်။ ဤအလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ကို အမျိုးသမီးဦးရေ(၆၀၀)ကျော် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်မှာ လွန်ခဲ့သောလေးနှစ်က မြန်မာပြည်မှ အမျိုးသမီးတစု သတင်းအချက်အလက်များ၊ အသိအမြင်များဖလှယ်သည့် ပုံမှန်လစဉ်စုဝေးပွဲများ စတင်ပြုလုပ်ချိန်မှ တနည်းအားဖြင့် အစပျိုးခဲ့ခြင်းဖြစ်ပါသည်။ “အမျိုးသမီးနီးနှောဖလှယ်ပွဲ”ဟုခေါ်သော ဤစုဝေးပွဲများက တိုင်းရင်းသူအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးမှအမျိုးသမီးများအား လာရောက်တွေ့ဆုံ၍ အသိအမြင်များကို မျှဝေဆွေးနွေးသည့်နေရာတစ်ခုကို ပေးပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲများက အမျိုးသမီးများအတွက် မိမိအတွေးအမြင်ယူဆချက်များကို ဖေါ်ထုတ်ပြရာ၊ အတွေ့အကြုံခံစားချက်များ ဝေမျှရာတို့တွင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာစေရန်နှင့် စုဝေးပွဲများတွင် အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ခြင်း၊ ဘာသာပြန်ပေးခြင်းများကို လက်တွေ့စမ်းသပ်နိုင်သည့် အခွင့်အလမ်းများကို ရရှိစေပါသည်။ လေးနှစ်ကျော်ကာလအတွင်း ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်အမျိုးသမီးများက ဤစုဝေးဆွေးနွေးပွဲများကို ထိုင်းမြန်မာနယ်စပ်တွင် နေရာဒေသ(၅)ခုတွင် ပုံမှန်ကျင်းပဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

လစဉ်ပြုလုပ်သောစုဝေးဆွေးနွေးပွဲများအပြင်၊ HIV/AIDS ရောဂါဝေဒနာအကြောင်းရပ်များ၊ သားဆက်ပြန့်ပွားခြင်းဆိုင်ရာ ကျန်းမာရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနှင့်စပ်လျဉ်းသော ဥပဒေရေးရာကိစ္စများကို စူးစမ်းလေ့လာသည့် အထူးအလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဒေသအလိုက်အမျိုးသမီး နီးနှောဖလှယ်ရေးအုပ်စုများက စုရုံးဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများမှ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှု အရေးကိစ္စသည် အမျိုးသမီးများ၏ အဓိက စိုးရိမ်ပူပန်နေရသည့် အရေးကိစ္စတစ်ခု အဖြစ် ပေါ်ထွက်လာခဲ့သည်။ ထို့အပြင်အမျိုးသမီးများ ကိုယ်ခံပညာသင်တန်းများ၊ ပန်းချီအနုပညာဆောင်ရွက်ဖျော်ဖြေခြင်းများ၊ ဘော်လုံးကန်ခြင်း၊ ယောဂထိုင် လေ့ကျင့်ခန်းများပြုလုပ်ခြင်း အားဖြင့် လှုပ်ရှားသည့်အပြင်၊ နိုင်ငံတကာအမျိုးသမီးများနေ့အပါအဝင် နေ့ထူးနေ့ရက်အခမ်းအနားများတွင် ကျင်းပသည့် လူထုစုရုံးပွဲများတွင် ပါဝင်ဆင်နွှဲခြင်း၊ ချီတက်စေခြင်းများကို ဆောင်ရွက်ကြပါသည်။

အကြမ်းဖက်မှုကို သီးခြားပြဿနာရပ်တခုအဖြစ် ဆွေးနွေးခဲ့ကြခြင်းမဟုတ်ပါ။ ယင်းအကြောင်းအရာကို လိင်ကွဲပြားခြင်းဆိုင်ရာဆက်နွှယ်မှု၊ အဆင့်အတန်းခွဲခြားခြင်းဆိုင်ရာဆက်နွှယ်မှုနှင့် လူစိမ်းသူစိမ်းမျက်နှာစိမ်းကို ကြောက်ရွံ့ခြင်းဆိုင်ရာဆက်နွှယ်မှု စသည်ဖြင့် ကျယ်ဝန်းစွာဆက်စပ်နေသည့်ပြဿနာရပ်၊ အကြောင်းအရာများအဖြစ် ဆွေးနွေးပြောဆိုကြခဲ့သည်။ အတူတကွမျှဝေလုပ်ဆောင်သည့် အမျိုးသမီး အစုအဖွဲ့များ၏ လုံခြုံစိတ်ချမှုရရှိရေးကို ဆွေးနွေးရာတွင်လည်း အကြမ်းဖက်မှုကို ပြောဆိုကြပါသည်။ ထို့အပြင် အမျိုးသမီးများ ဆောင်ရွက်မှုနည်းနာများ ဖော်ထုတ်စဉ်

တွင်လည်းကောင်း၊ အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ချက်တခုခု ပြုလုပ်နိုင်သည့် နေစရာပတ်ဝန်းကျင်တစ်ခု ဖန်တီးရာ၌လည်းကောင်း ဤအကြမ်းဖက်ခြင်းကိစ္စ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ နိုင်ငံတကာဥပဒေ၊ ထိုင်း ဥပဒေများနှင့် ပတ်သက်၍ ပြုလုပ်သော သင်တန်းများ၏ နောက်ပိုင်းတွင် အမျိုးသမီးများ နီးနှောဖလှယ်ပွဲများက ယင်းဥပဒေများကို အမှန်တကယ် မည်ကဲ့သို့အသုံးချရမည်ကို ပို့ချသည့်နောက်ဆက်တွဲ သင်တန်းများ ဆက်လက်ပြုလုပ်ပေးရန် တောင်းဆိုကြပါသည်။ အထူးသဖြင့် သူတို့၏ထိုင်းနိုင်ငံ၌ တရားမဝင်အခြေအနေ (တရားဝင်အဆင့်အတန်း မရှိခြင်း) နှင့် ဆက်နွယ်သော ကိစ္စရပ်ဖြစ်သည်။

ဤလေးနှစ်အတွင်း အကြမ်းဖက်ခြင်းဆိုင်ရာ အမှုကိစ္စများစွာ ဖြစ်ပွားခဲ့ပါသည်။ ယင်းတို့အထဲမှ အကျူးလွန်ခံရသူ အနည်းငယ်မျှသာ သင့်တော်လျှောက်ပတ်သည့် ကူညီဆောင်ရွက်မှုကို ရရှိနိုင်ခဲ့ပြီး၊ အများစုမှာ ကိုယ့်အစီအစဉ်ဖြင့်ကိုယ်လုပ်ကိုင်ဆောင်ရွက်ကြသည့်နည်းစနစ်များဖြင့် ရုန်းကန်ဆောင်ရွက်ခဲ့ကြရာတွင် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းများ အတွင်း၌သာ ကူညီဆောင်ရွက်မှုပေးနိုင်ခဲ့သည်။ ယခုအခါတွင် တိုင်းရင်းသူ အဖွဲ့အစည်း အချို့အနေဖြင့် အခြေခံ နှစ်သိမ့်အားပေးဆွေးနွေးခြင်းကို လုပ်ဆောင်နိုင်လာသည့်နည်းတူ၊ လုံခြုံစွာနေထိုင်နိုင်ရန် ခေတ္တခိုလှုံစရာနေရာများ စီစဉ်ပေးခြင်းတို့ကို ပေးနိုင်ပြီဖြစ်သည်။ ထိုင်းဥပဒေစနစ်ကိုအသုံးပြု၍ တရားမျှတမှုကို တောင်းဆိုသည့် အမျိုးသမီးများမှာမူ လက်တစ်ဆုပ်စာမျှသာ ရှိပါသည်။ ထိုအမျိုးသမီးအားလုံးမှာလည်း ဒုက္ခအခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။ ထိုများစွာသော အခက်အခဲအနှောင့်အယှက်များကို အမျိုးသမီးများက ပို၍ကျယ်ပြန့်သော လူ့အဖွဲ့အစည်းထံမှ သာမက သူမတို့၏ လူမှုအသိုင်းအဝိုင်းကိုယ်တိုင်ထံမှပါ ရင်ဆိုင်နေကြရသည်။

အမျိုးသမီးများ ရင်ဆိုင်နေရသည့် ဒုက္ခအခက်အခဲအချို့ကို ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ မူဝါဒများကို ပြင်ဆင် ပြဋ္ဌာန်းခြင်းအားဖြင့်သာ ဖြေရှင်းနိုင်ပါမည်၊ လက်ရှိကာလမူဝါဒမှာ အကြမ်းဖက်ခံရသူ ဒုက္ခသည် အမျိုးသမီးများအား အိမ်ရှင်နိုင်ငံအတွင်း သို့မဟုတ် တတိယ နိုင်ငံတစ်ခုတွင်း လုံခြုံဘေးကင်းသော နေရာသို့ခိုနားရန်ခွင့်မပေးဘဲ၊ အကြမ်းဖက်မှုများဖြစ်နေသည့် နိုင်ငံသို့သာ အတင်းအကြပ်ပြန်လည်ပို့နေပါသည်။ အခြားသောအခက်အခဲအနှောက်အယှက်များကို ကျော်လွှားရန်မှာ ဤအကြမ်းဖက်သည့်ယဉ်ကျေးမှုအား ပြောင်းလဲပစ်ရေးနှင့် လိင်ကွဲပြားမှုကြောင့် ဟန်ချက်မညီမျှမှုများကို ပြုပြင်ပြောင်းလဲလာစေရေးအတွက် အမျိုးသားများနှင့် ရေရှည်လုပ်ငန်းအဖြစ် အလုပ်အတူလုပ်ရန် လိုအပ်နေပါသည်။ အချို့သော အခက်အခဲများကိုမူ သတင်းအချက်အလက်များ၊ လူမှုအဖွဲ့အစည်း၊ ပံ့ပိုးကူညီမှုများနှင့် နားလည်သဘောပေါက်မှုများ အားဖြင့်လည်းကောင်း၊ အကျူးလွန်ခံခဲ့ရသူများအား ပံ့ပိုးကူညီပေးရာတွင် ပါဝင်ပတ်သက်ဆက်စပ်နေသူများအကြား ပူးပေါင်းဆောင်ရွက်မှုများအားဖြင့်လည်းကောင်း၊ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျော်လွှားနိုင်မည် ဖြစ်ပေသည်။

အလိုအလျှောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)တွင် အမှုအကြောင်းအရာ အသေးစိတ် လေ့လာခြင်းများကို တင်ပြထားခြင်းမရှိပေ။ ဤသည်မှာ ရည်ရွယ်ချက်ရှိရှိဖြင့် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ အလိုအလျှောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)၏ အခြေခံမူများမှ တစ်ခုမှာ ယုံကြည်စိတ်ချစွာလျှို့ဝှက်မှု (Confidentiality) ဖြစ်၍ ယင်းအခြေခံမူကို ကျွန်ုပ်တို့၏ မှတ်တမ်းတင် အထောက်အထားအဖြစ် သဘောတူလက်ခံကြပါသည်။ အမှုအကြောင်းအရာအသေးစိတ်အစား အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ကြသောအမျိုးသမီးများ၊ ယင်းအမျိုးသမီးများအား ထောက်ခံပံ့ပိုး၍ မိမိတို့၏လူမှုအသိုင်းအဝိုင်းအတွင်း အကြမ်းဖက်မှုများ လျော့ကျရေးအတွက် ဆောင်ရွက်နေသူ အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၏ အတွေ့အကြုံများကို အခြားအမျိုးသမီးများ သိနားလည်စေရန် တဆင့်ပြီးတဆင့် ဖြစ်စဉ်အဖြစ် ရေးဆွဲထားပါသည်၊ အမျိုးသမီးများ၏မိတ်ဆွေများဖောင်ဒေးရှင်း၊ အခြားသောဒေသခံ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ (NGOs)နှင့် ရှေ့နေများမှ ၄င်းတို့၏ ထိုင်းအမျိုးသမီး အကြမ်းဖက် ကျူးလွန်ခံရသူများကို နှစ်ပေါင်းများစွာ ပံ့ပိုးကူညီမှု ပေးခဲ့ကြသော အတွေ့အကြုံများမှရရှိထားသည့် ကျွမ်းကျင်မှုများဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြပါသည်။ ဤဖြစ်စဉ်တလျှောက်လုံး နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ စခန်းကော်မီတီများနှင့် အခြားသောသူများ၏ အကြံဉာဏ်ပြုထောက်ခံအားပေးမှုများကိုလည်း ရရှိခဲ့ပါသည်။

လွန်ခဲ့သော (၁၈) လကျော်ကာလပတ်လုံး အမျိုးသမီးနီးနှောဖလှယ်ရေးအစုအဖွဲ့များက အချိန်ယူ အပင်ပန်းခံ၍ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ စာမူကို ဖတ်ရှုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းစသည် များအထပ်ထပ်အခါခါ လုပ်ခဲ့ကြသည်။ စာမူဖတ်ရှုပြင်ဆင်၊ ဖြည့်စွက်မှု ပြီးသည့်အကြိမ်တိုင်း အမျိုးသမီးများ အတူတကွထိုင်၍ ဆွေးနွေးညှိနှိုင်းကြသည်။ တွေ့ဆုံစည်းဝေးတိုင်းတွင် မေးခွန်းအသစ်များပေါ်ထွက်လာခြင်း၊ လူသစ်အမျိုးသမီးများတက်ရောက်လာခြင်းနှင့် နားလည်သဘောပေါက်မှု ပိုမိုမြင့်မားလာခြင်းတို့ဖြစ်လာပါသည်။ ဤ (ARM) လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်ခဲ့သည့် အမျိုးသမီးများ (၆၀၀)မှာ ဒုက္ခသည်စခန်းအပြင်ဖက်တွင်တွင် နေထိုင်သူများဖြစ်သည်၊ (ARM) ဆွေးနွေးပွဲတစ်ခုကို စခန်းတွင်း နေထိုင်ကြသူအမျိုးသမီးများနှင့် ပြုလုပ်ခဲ့ရာတွင် စခန်းတွင်းရှိ အမျိုးသမီးအဖွဲ့အစည်းများအား သူတို့၏ တသီးတသန့်အခြေအနေများနှင့် အပ်စပ်သော ARM ၏ လုပ်ငန်းအဆင့်ဆင့်များကို ရေးဆွဲနိုင်ရေးအတွက် ကူညီထောက်ပံ့မှု ပေးရန် အထူးလိုအပ်နေကြောင်း တွေ့ရှိခဲ့ရသည်။ ဒုက္ခသည်စခန်းများတွင် နေထိုင်နေသော အမျိုးသမီးများက တင်ပြခဲ့သည့် အရေးကြီးသောအခက်အခဲပြဿနာမှာ အမျိုးသမီးများနှင့် ထိုင်း အုပ်ချုပ်ရေး အာဏာပိုင်များအကြား ရုပ်ပိုင်းဆိုင်ရာထိစပ်မှုမရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူချင်းတွေ့ဆုံခြင်းလုံးဝမရှိဘဲ တသီးတခြားဖြစ်နေခြင်းဖြစ်ပါသည်။ ဆေးရုံ သို့မဟုတ် ရဲစခန်းတခေါက် သွားရန် အနည်းဆုံး ၃–၄ နာရီ အချိန်ကုန်သည့်အပြင်၊ ပီပြင်သည့်မှတ်တမ်း အထောက်အထားများကို ရရှိရန်နှင့် ဆွေးနွေးညှိနှိုင်းရသည့်ကာလမှာလည်း ၃–၄– ၅ ရက်ခန့် လိုအပ်မည်ဖြစ်သည်။ အခြားအဓိကကျသည့် ပြဿနာတခုမှာ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ စကားနိုင်လုပြင်းခုံမှုပင်ဖြစ်သည်။ များသောအားဖြင့် စခန်းများအတွင်း အကြမ်းဖက်ကျူးလွန်ခံရမှု အခြေအနေများကို အလေးထားသတိမူမိသူ၊ နားလည်သဘောပေါက်သူ လွန်စွာ နည်းပါးလှပါသည်။ ဒုက္ခသည်စခန်းများအတွင်း၌ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်လာစေရေးသည် စတင်ဆောင်ရွက်ရမည့် အဆင့်များ ဖြစ်သည်မှာ ရှင်းလင်းနေပါသည်။ လုပ်ငန်းစဉ်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ပါဝင်ပတ်သက်သူအားလုံးကို ခြုံငုံပါဝင်ခြင်းနှင့် ရေရှည်ပံ့ပိုးကူညီရေးတို့ အထူးလိုအပ်သည်။

ယခုအချိန်ကာလတွင် အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည် ရွှေ့ပြောင်းနေထိုင်သူအမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများအတွက် ဆက်လက်ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) စာတမ်းသည် မည်သည့်အခါမျှ အပြီးသတ် မှတ်တမ်းတင်စာတမ်းတခု ဖြစ်မည် မဟုတ်ပေ။ ယင်းအနေဖြင့် အစဉ်မပြတ်တိုးတက်ပြောင်းလဲနေရန် လိုအပ်မည်ဖြစ်ပြီး ပိုမိုကောင်းမွန်သောဝန်ဆောင်ပေးမှုများ ရရှိလာနိုင်ခြင်းနှင့် တိုးတက်မှုများရှိစေခြင်းများကို ဖြစ်လာစေရန် အပြည့်အဝ မျှော်လင့်ထားပါသည်။ သို့သော်လည်း မည်သည့်တိုးတက်မှုမျိုးမဆို အချို့မှာ နောက်ပြန်ဆုတ်ခြင်း၊ တုန့်ပြန်ခုခံမှုများ ဖြစ်လာနိုင်ဘွယ်ရာလည်း ရှိကြပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် မတော်တဆဖြစ်သည့် ဖြစ်ရပ်မဟုတ်ပေ။ ယင်းမှာ အမျိုးသားနှင့် အမျိုးသမီးတို့အကြား အာဏာစွမ်းအား ဆက်နွယ်မှုများ၏ လက္ခဏာတရပ်ဖြစ်၍ ဤကဲ့သို့အာဏာစွမ်းအား ဆက်နွယ်မှုများ စိန်အခေါ်ခံရသောအခါ အမြဲတမ်းဖြစ်လေ့ရှိသည်မှာ ထိုအာဏာရှိနေသည့် အနေအထားကို ဆက်လက်ထိန်းထားရန် ပိုမိုလိုလား နှစ်သက်သူများက ယင်းအာဏာကို စိမ်ခေါ်သည့် တိုးတက်မှုများ ရပ်တန့်သွားစေရန် မည်သည့်အရာမျိုးကိုမဆို ပြုလုပ်ကြမည်ဖြစ်သည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)အနေဖြင့် အပြုသဘောဆိုင်ရာ ပြောင်းလဲမှုနှင့် အပျက်သဘောဆိုင်ရာပြောင်းလဲမှု နှစ်ခုစလုံးကို တုန့်ပြန်ဆောင်ရွက်ရန် လိုအပ်သည်။ ရှေးဟောင်းစကားပုံတစ်ခုက "အမျိုးသမီးတို့၏အလုပ်သည် မည်သည့်အခါမျှ ပြီးဆုံးခြင်းမရှိ" ဟုဆိုပါသည်။ သို့သော် အမျိုးသားများသည်လည်း မိမိတို့၏အမျိုးသားများကကျူးလွန်သော အကြမ်းဖက်မှုများကို တာဝန်ယူကြရမည့်အပြင် အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွားနေခြင်းများ ရပ်ဆိုင်းသွားစေရန် ကြိုးပမ်းလုပ်ဆောင်ကြလိမ့်မည်ဟူသော မျှော်လင့်ချက်များစွာဖြင့် ယခု ၂၁ ရာစုကို စတင်ပါသည်။



Burmese ARM.pmd 7 12/18/2005, 11:25 AM

# အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ကို အသုံးပြုနည်း

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)သည် အဆင့် (၁၀)ဆင့်ရှိသော လုပ်ငန်းစဉ်တခု ဖြစ်သည်၊ ဤလုပ်ငန်းစဉ်အဆင့်အားလုံး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းအားဖြင့် အကျုံးလွန်ခံရသူ အမျိုးသမီးများ ပြန်လည်ရှင်သန်ရပ်တည်နိုင်သူများဖြစ်လာစေရန် ရည်မှန်းထားပါသည်။ အလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) လုပ်ငန်းစဉ်က အကြမ်းဖက်မှု အကျုံးလွန်ခံရသူ အမျိုးသမီးများနှင့် ယင်းတို့အား ထောက်ပံ့ကူညီပေးနေသော အဖွဲ့အစည်းများသည် နှစ်သိမ့်ဆွေးနွေး အားပေးခြင်းများ၊ ထောက်ပံ့ ကူညီမှုခြင်း၊ ကျန်းမာရေး ဆေးကုသမှုအထောက် အကူများ၊ ဥပဒေကြောင်းအရ ထောက်ကူပံ့ပိုးခြင်းများနှင့် နေထိုင်ရာလူမှုအသိုင်းအဝိုင်း၏ ထောက်ခံအားပေးခြင်းများ ရလာအောင် ဆောင်ကျဉ်းပေးပါသည်။ ထိုသို့ အဆင့်(၁၀)ဆင့်ဟူ၍ ဖော်ပြထား သော်လည်း အကြမ်းဖက်မှု အကျုံးလွန်ရသူတိုင်းက ယင်းအဆင့်(၁၀)ဆင့် စလုံးကို လုပ်ဆောင်ကြမည်မဟုတ်ပေ။

အကျုံးလွန်ခံရသူ တယောက်အနေဖြင့် သိရှိထားရန် လိုအပ်သော သတင်းအချက်အလက်များကို ယင်းအဆင့်(၁၀)ဆင့်တွင် ဖော်ပြထားပါသည်။ အဆင့်တိုင်း၊ အဆင့်တိုင်းတွင် အကျုံးလွန်ခံရသူ အမျိုးသမီးများအား လိုအပ်သည့်သတင်းအချက်အလက်မှန်သမျှ အသိပေးရမည်ဖြစ်ပြီး၊ ကာယကံရှင်အမျိုးသမီးကိုယ်တိုင်က ဆုံးဖြတ်ချက် ပြုလုပ်ရန် လိုအပ်ပါသည်။ သူမအား ပံ့ပိုးကူညီပေးနေသူ ကလည်း သူမ၏ဆုံးဖြတ်ချက်များကို အလေးထား၍ အဆင့်တိုင်းတွင် သူမအား နားထောင်ပေးရန် လိုအပ်ပါသည်။ အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)၏ အဓိကနှလုံးသားမှာ အကျုံးလွန်ခံရသူ ရပ်တည်ရှင်သန်နိုင်ရေး ကြိုးပမ်းရန်ကန်နေသူ တို့ဖြစ်သည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ ပထမအပိုင်း(၁)ဖြစ်သည့် "ARM အား လျှက်တပြက်အကြည့်" အခန်းတွင် ARM တွင် ပါဝင်သောအကြောင်းအရာအတိုချုပ်ကို အချိန်သတ်မှတ်ချက် ဘောင်တစ်ခုနှင့်အတူ ဖော်ပြထားပါသည်။ ထို့အပြင် ARM၏ အဆင့် (၁၀) ဆင့်၊ တစ်ဆင့်ချင်းစီ၌ အဓိကသော့ချက်ကျသည့်သူ၊ အချိန်ကာလသတ်မှတ်ချက်ကန့်သတ်မှုများကို ပြသထားပါသည်။

အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏ အဓိကစာကိုယ်ကြီး၏ အဆင့်တဆင့်စီ၌ ပါဝင်ပတ်သက်သူတစ်ဦးချင်း၏ အခန်းကဏ္ဍကို အသေးစိတ်ရှင်းပြထားပါသည်။ အဆင့်တဆင့် ချင်းစီ၏အောက်တွင် တွေ့နိုင်ချေရှိသော အခက်အခဲပြဿနာများကို ဖော်ပြထားပါသည်။ ယင်းဖော်ပြထားသည့် ပြဿနာများမှာ ဤ ARM ဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသော ရွှေ့ပြောင်းအလုပ်လုပ် သူနှင့် ဒုက္ခသည်အမျိုးသမီးများ ကြုံတွေ့ပြီးသား ပြဿနာများ ဖြစ်ပါသည်။ ဤပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်ဘွယ်ရာရှိသည့် တုန့်ပြန်ဆောင်ရွက်မှုများနှင့် အကြံပြုခြင်းများကိုလည်း ဖော်ပြထားပါသည်။ ယင်းတို့ထဲမှ အချို့မှာ ရေရှည်လုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိအကျုံးလွန်ခံရသူ တို့အဖို့ အကျိုးခံစားရဦးမည်မဟုတ်ပေ။ သို့သော်လည်း အနာဂတ်ကာလ၌ အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးတွင် အထောက်အကူဖြစ်လာနိုင်ပါသည်။

ARM တွင် နောက်ဆက်တွဲ အပိုင်းသုံးခန်း ပါရှိရာ နောက်ဆက်တွဲ(၁)မှာ ကူညီထောက်ပံ့မှုများ ပေးနေသော အဖွဲ့အစည်းများ၏ ဆက်သွယ်ရမည့်သူ၏အမည်နှင့် တယ်လီဖုန်းနံပါတ်များဖြစ်သည်။ နောက်ဆက်တွဲ(၂)မှာ အရေးပေါ်သန္ဓေတားဆေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များဖြစ်၍ နောက်ဆက်တွဲ(၃)မှာ သင့်အနေနှင့် မိမိ၏ကိုယ်ပိုင်အလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)၏ ရင်းမြစ်မှတ်တမ်းတစ်ခု ပြုစုဖန်တီးရန်အတွက် နမူနာပုံစံတခု ပေးထားခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)ကို အသုံးပြုသောအခါ ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မှတ်စုမှတ်တမ်းများ ပြုစုထားရန် တိုက်တွန်းလိုပါသည်။

ဖော်ပြခဲ့သည့်အတိုင်း အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည် ရွှေ့ပြောင်း နေထိုင်သူ အမျိုးသမီးများနှင့် ဒုက္ခသည်အမျိုးသမီးများအတွက် ဆက်လက်ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ (ARM) ကို အသုံးဝင်၍ ဆီလျော်အပ်စပ်ဖြစ်မည့် ဖြည့်စွက်ခြင်းများ၊ အကြံဉာဏ်ပေးခြင်းများ ဝိုင်းဝန်းအားဖြည့်ပေးခြင်းများ အားလုံးကို

ကြိုဆိုအပ်ပါသည်။ ထို့အပြင် ဤအလိုအလျောက် တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) သည် အကြမ်းဖက်မှုကို တုန့်ပြန်ဆောင်ရွက်ကြရာ၌ သေးငယ်သည့် အပိုင်းကဏ္ဍတစ်ခုမျှသာဖြစ်သည်ကို နောက်တကြိမ် ထပ်မံအလေးအနက်ပြောဆိုလိုပါသည်။

ARM က ယနေ့ဖြစ်ပွားနေသော အကြမ်းဖက်ကျူးလွန်မှုများကို ဖေါ်ထုတ်သက်သေထူနေပါသည်။ ARM မှ အကြမ်းဖက်မှုအကျူးလွန်ခံရသူများအတွက် လုပ်နိုင်စွမ်းများရရှိစေပြီး စွမ်းရည်မြှင့်တင်ပေးသည့် ဝန်းကျင်အနေအထားတစ်ခု ဖန်တီးပေးရန် အထောက်အကူပြုလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ ဤARM သည်ပင်လျှင် ဖြေရှင်းချက်တစ်ခုအဖြစ်မဟုတ်ဘဲ၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများသည် အကြမ်းဖက်ကျူးလွန်မှုများ၏ တရားခံဖြစ်ကြောင်း ထုတ်ဖေါ်တင်ပြရာ၌ ARM ကို ကဏ္ဍပေါင်းစပ်ထားသော အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းကဏ္ဍအဖြစ် အသုံးပြုသင့်ပါသည်။

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM) ၏အခြေခံမူများ

- အမျိုးသမီးများအပေါ်အကြမ်းဖက်ကျူးလွန်မှု ဆန့်ကျင်တိုက်ဖျက်ရန် လုပ်ဆောင်နေသူများအားလုံး ယုံကြည်စိတ်ချခြင်းဆိုင်ရာလျှို့ဝှက်မှုနှင့် စပ်လျဉ်း၍ ကျင့်ဝတ်ကျင့်ထုံးများရေးဆွဲ၍ ယင်း သဘောထားကို သဘောတူထောက်ခံခြင်း၊
- လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများ ပုံဖေါ်ရေးဆွဲရေးနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်ရေးများတွင် တိုင်းရင်းသူလူမျိုး အမျိုးသမီး အဖွဲ့အစည်းများအား ရှေ့တန်းမှ ပါဝင်လှုပ်ရှားဆောင်ရွက်စေခြင်း၊
- အကျူးလွန်ခံရသူများ၏ အကျိုးအတွက် ဆောင်ရွက်သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ကူညီထောက်ပံ့ခြင်း၊ ဆက်သွယ်ဖလှယ်၍ဆောင်ရွက်ပေးခြင်း
- အကျူးလွန်ခံရသူနှင့် ရပ်တည်ရေးရန်ကန်ကြိုးပမ်းနေရသူများသည် အလိုအလျောက်တုံ့ပြန် ဆောင်ရွက်သည့်စနစ် (ARM)၏ အဓိက အသည်းနှလုံးဖြစ်ပြီး၊ ဆုံးဖြတ်ချက်ချသည့် သူများလည်းဖြစ်သည်၊ ဆောင်ရွက်မှုအဝဝ ပြုလုပ်မှုတွင် သူမတို့၏ ဆုံးဖြတ်ချက်များကို လေးစား၍ သူမ၏ဆုံးဖြတ်ချက်အတိုင်းလိုက်နာဆောင်ရွက်ခြင်း၊
- လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုသည် လိင်ကွဲပြားခြင်း၊ မျိုးရိုးနှင့် အတန်းအစားခွဲခြားခြင်း အရေးပြဿနာကြီးများမှ တသီးတခြားကွဲထွက်နေသည့် ပြဿနာမဟုတ်။
- အမျိုးသမီးများအတွက် စွမ်းရည်များမြှင့်တင်ပေး၍ လုပ်နိုင်စွမ်းများရရှိစေမည့် ဝန်းကျင်အခြေအနေတစ်ခု ဖန်တီးပေးခြင်းသည် အကြမ်းဖက်မှုများ ရပ်စဲသွားစေရေးအတွက် အဓိက အချက်အချာ ဖြစ်သည်။

| နံပါတ် | အဆင့် | ပါဝင်သူများ | အချိန်ကာလအတိုင်းအတာ |
|---|---|---|---|
| ၁ | အကျူးလွန်ခံရသူ ကာယကံရှင်က ပထမဆုံး ဆက်သွယ်ဖွင့်ပြောခြင်း | ● အကျူးလွန်ခံရသူနှင့် သူမ ပထမဆုံးဆက်သွယ်သူ | အကျူးလွန်ခံရသူ၏ စိတ်ဆန္ဒအပေါ်မူတည်သည်။ ARM ကို အမှုဖြစ်ပြီး ၃လအတွင်းအသုံးပြုနိုင်သည်။ (ချွင်းချက်ကို အဆင့် ၁ တွင် ကြည့်ပါ) |
| ၂ | အကျူးလွန်ခံရသူ ပထမဆုံးဆက်သွယ်၍ ပြောကြားသည့် ပုဂ္ဂိုလ်မှ သူမကို အမျိုးသမီး အဖွဲ့အစည်းများ (သို့မဟုတ်) NGO များထံသို့ လိုက်ပါပို့ဆောင်ပေးခြင်း။ | ● အကျူးလွန်ခံရသူ<br>● သူမ ပထမဆုံးဆက်သွယ်သူ<br>● NGO(သို့မဟုတ်)အမျိုးသမီးအဖွဲ့အစည်းမှ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့် အကြံပေး အားပေးသူ | အကျူးလွန်ခံရသူမှပထမဆုံးဆက်သွယ်၍ပြောကြားသည်နှင့် တတ်နိုင်သမျှ အမြန်ဆုံး၊ ပြုလုပ်ရမည်၊ |
| ၃ | အားပေးပံ့ပိုးသူမှ အကျူးလွန်ခံရသူအား ကျန်းမာရေးဌာန (သို့) ဆေးရုံသို့ လိုက်ပါပို့ဆောင်ခြင်း။ | ● အကျူးလွန်ခံရသူ<br>● စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးအားပေးသူ၊ ကျန်းမာရေးဝန်ထမ်း၊<br>● ဘာသာပြန်၊<br>● ယာဉ်မောင်းသမား | –ဖြစ်နိုင်ပါက အမှုဖြစ်ပြီးသည်မှ နာရီပိုင်းအတွင်းပို့ရမည်။ အကယ်၍ မဖြစ်နိုင်ပါက တတ်နိုင်သ၍အမြန်ဆုံးပို့ရမည်။<br>– အရေးပေါ်ပဋိသန္ဓေတားဆေးကို မုဒိမ်းမှုဖြစ်ပြီး ၇၂နာရီ အတွင်းသောက်သုံးရန်လိုသည်။ အကယ်၍ အကျူးလွန်ခံရသူမှ မုဒိမ်းကျင့်ခံရပြီးသည်နှင့် အဝတ်မလဲ၊ ရေမချိုး၊ ရေမဆေးပဲ၊ ဆီးမသွားသေးပဲ ချက်ချင်းဆေးစစ်သွားပါက ဆေးရုံမှ ပြည့်စုံသော ဆေးစစ်ချက်ကိုပြုလုပ်နိုင်မည်ဖြစ်သည်။<br>– ဆရာဝန်မှ ရဲဝန်ထမ်းအား ဆေးရုံတွင်း တထောက်နား အရေးပေါ်ဌာနသို့မဟုတ် အခန်းရှိရာသို့ ခေါ်ယူပေးနိုင်သည်။ ထိုနေရာ၌အကျူးလွန်ခံရသူအနေ ရဲနှင့်ချက်ခြင်း တွေ့လိုခြင်း ရှိမရှိ ဆုံးဖြတ်နိုင်သည်။ (သို့မဟုတ်) ဆုံးဖြတ်ချက်ချရန် အချိန်ယူ၍ စဉ်းစားနိုင်သည်။ |
| ၄ | အားပေးပံ့ပိုးသူ၊ အဖွဲ့အစည်းမှ အကျူးလွန်ခံရသူအား ကူညီထောက်ပံ့မှုများ ပေးခြင်း | ● အကျူးလွန်ခံရသူ<br>● စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးအားပေးသူ၊ အကျူးလွန်ခံရသူကသူမအားကူညီထောက်ပံ့ရန်ရွေးချယ်ထားသည့်ပုဂ္ဂိုလ်များ။ | ဤအားပေးကူညီပံ့ပိုးမှုကို အဆင့် ၁ မှစ၍ ၁၀ အထိ လုပ်ငန်းစဉ်တလျှောက်လုံး ဆက်လက်ပေးသွားရမည်။ |

| | | | |
|---|---|---|---|
| ၅ | **အားပေးပံ့ပိုးသူနှင့်အကျူးလွန်ခံရသူ မှ ဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများသို့ သတင်းပို့ခြင်းနှင့် အစီရင်ခံစာ တင်သွင်းခြင်း။** | **ဒုက္ခသည်များအတွက်–**<br>● ကျူးလွန်ခံရသူ၊<br>● မျိုးသမီးအဖွဲ့အစည်းမှဦးဆောင်သူ စိတ်ပိုင်း ဆိုင်ရာနစ်သိမ့်အကြံပေးသူ၊<br>● ဘာသာပြန်သူ၊<br>● စခန်းကော်မတီ<br>• UNHCR ဝန်ထမ်း၊<br>● ရှေ့နေ<br>**ရွှေ့ပြောင်းအလုပ်လုပ်သူများအတွက်–**<br>● အကျူးလွန်ခံရသူ<br>● စိတ်ပိုင်းဆိုင်ရာနစ်သိမ့်အကြံပေးသူ၊<br>• NGO မှ ယင်းအမှုအတွက် တာဝန်ယူ ဆောင် ရွက်ပေးသူ၊<br>● ရှေ့နေ၊<br>● လူ့အခွင့်အရေး ကော်မရှင်နာ | ယင်းဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများမှ အကျူးလွန်ခံရသူနှင့် အမျိုးသမီးအဖွဲ့အစည်း၊ NGO များ၏ တောင်းဆိုချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည်။ |
| ၆ | **အားပေးပံ့ပိုးသူနှင့် အကျူးလွန်ခံရသူမှ အမှုကို ရဲထံသို့တိုင်ကြားခြင်း။** | **ဒုက္ခသည်များအတွက်–**<br>● အကျူးလွန်ခံရသူ<br>• UNHCR<br>● ဘာသာပြန်<br>● ယာဉ်မောင်းသမား၊<br>● အမျိုးသမီးရဲဝန်ထမ်း၊ လူမှုဝန်ထမ်းဌာန ဝန်ထမ်း<br>**ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများအတွက်–**<br>● အကျူးလွန်ခံရသူ<br>• NGO မှ အမှုအတွက် တာဝန်ယူဆောင်ရွက်ပေးသူ၊ ဘာသာပြန်၊<br>● အမျိုးသမီးရဲဝန်ထမ်း၊<br>● လူမှုဝန်ထမ်းဌာန ဝန်ထမ်း | အကောင်းဆုံးမှာ အမှုဖြစ်လျှင်ဖြစ်ခြင်း ရဲသို့တိုင်ကြားရန် ဖြစ်သည်။ သို့မှသာ ရဲမှ ကျူးလွန်သူအား ဖမ်းဆီးအရေးယူခြင်းနှင့် အမှုကိုစုံစမ်းစစ်ဆေးရေးပြုလုပ်နိုင်မည်။<br>သို့ဖြစ်စေကာ၊ အမျိုးသမီးမှ ၃လအတွင်း မည်သည့်အချိန်မဆို ရဲသို့တိုင်ကြား၍ အမှုဖွင့်နိုင်သည်။ အကယ်၍ အကျူးလွန်ခံ ရသူသည် အသက် ၁၈နှစ်အောက် ဖြစ်လျှင်သော်လည်းကောင်း၊ အုပ်စုလိုက် မုဒိမ်းကျင့်ခံရလျှင်သော်လည်းကောင်း၊ မုဒိမ်းကျင့်မှုတွင် လက်နက်အားဖြင့်တစုံတရာပါဝင် ခဲ့လျှင်သော်လည်းကောင်း၊ မှုခင်းဖြစ်ပွားချိန်မှ စ၍ ၁၀ နှစ်တာအတွင်း မည်သည့်အချိန်အခါမဆို ရဲသို့တိုင်ကြား၍ အမှုဖွင့်နိုင်သည်။ |

| | | | |
|---|---|---|---|
| ၇ | အမှုအတွက် ရဲများနှင့် ဆက်လက်၍ ဆက်သွယ် ဆောင်ရွက်ခြင်း။ | ဒုက္ခသည်များအတွက်–<br>• UNHCR<br>• ကူညီထောက်ပံ့မှုပေးသော ထိုင်း NGO မျက်မြင်သက်သေ၊<br>• ဘာသာပြန်၊<br>• ရဲဝန်ထမ်း၊ပြည်သူ့အကျိုးဆောင်ရှေ့နေ (အစိုးရရှေ့နေ)<br>ရွှေ့ပြောင်းအလုပ်လုပ်သူများအတွက်–<br>• NGOမှအမှုအတွက်တာဝန်ယူဆောင်ရွက်ပေးသူ၊ မျက်မြင်သက်သေ၊<br>• ဘာသာပြန်<br>• ရဲဝန်ထမ်း၊<br>• ပြည်သူ့အကျိုးဆောင်ရှေ့နေ(အစိုးရရှေ့နေ) | ရဲမှ တစ်လအတွင်း စုံစမ်းစစ်ဆေးရေးလုပ်၍ ၎င်းအမှုကို ပြည်သူ့အကျိုးဆောင်ရှေ့နေထံသို့ အပ်ရမည်။ ထို့အပြင်၊ မျက်မြင်သက်သေများထံမှ တရားဝင် သက်သေထွက်ချက်များကို ရယူထားသင့်သည်။ |
| ၈ | တရားရုံး၌ အမှုကို စွဲချက်တင်ရန် စောင့်ဆိုင်းခြင်း။ | ဒုက္ခသည်များအတွက်–<br>• အကျူးလွန်ခံရသူ<br>• အမျိုးသမီးအဖွဲ့အစည်းမှအမှုအတွက် တာဝန်ယူဆောင်ရွက်ပေးသူ၊<br>• အကျူးလွန်ခံရသူအား ချက်ခြင်းလက်ငင်း ကူညီအားပေးနိုင်သည့် လူမှုအသိုင်းအဝိုင်း၊<br>• UNHCR၊<br>• ရှေ့နေ၊<br>• စခန်းကော်မတီ<br>ရွှေ့ပြောင်းအလုပ်လုပ်သူများအတွက်–<br>• အကျူးလွန်ခံရသူ<br>• အမျိုးသမီးအဖွဲ့အစည်းနှင့် NGO မှ အမှု အတွက် တာဝန်ယူဆောင်ရွက်ပေးသူ၊ | တရားရုံးသို့ အမှုရောက်ရှိမည့် အချိန်ကာလ အနေး၊ အမြန်မှာ ရဲများအပေါ်၌များစွာ မူတည်သည်၊ ရုံးတော်သို့ အမှုရောက်ရှိရန် ၃လမှ ၂နှစ်အထိ ကြာမြင့်နိုင်သည်။(အကယ်၍ ကျူးလွန်သူ အာမခံမရပါက အမှုသည် ရုံးတော်သို့ (၈၄)ရက်အတွင်း ရောက်ရှိမည်ဖြစ်၍၊ ကျူးလွန်သူအား အာမခံနှင့် လွှတ်ထားပါက အမှုသည် တရားရုံးသို့ ၆ လအတွင်း ရောက်ရှိမည်ဖြစ်သည်။) |

| | | | |
|---|---|---|---|
| | | ● အကျူးလွန်ခံရသူအား ချက်ခြင်းလက်ငင်း ကူညီအားပေးနိုင်သည့် လူမှုအသိုင်းအဝိုင်း၊<br>● ရှေ့နေ | |
| ၉ | တရားရုံး၌ အမှုရင်ဆိုင်ခြင်း | ဒုက္ခသည်များအတွက်–<br>● အကျူးလွန်ခံရသူ၊<br>● မျက်မြင်သက်သေ၊အမျိုးသမီးအဖွဲ့အစည်းမှအမှုအတွက်တာဝန်ယူ ဆောင်ရွက်ပေးသူ၊<br>● UNHCR<br>● ရှေ့နေ၊<br>● ဘာသာပြန်၊<br>● ယာဉ်မောင်းသူ<br>ရွှေ့ပြောင်းအလုပ်လုပ်သူများအတွက်–<br>● အကျူးလွန်ခံရသူ၊<br>● NGO မှ အမှုအတွက် တာဝန်ယူ ဆောင်ရွက်ပေးသူ၊ ရှေ့နေ၊<br>● ဘာသာပြန် | တရားခွင်၌အမှုကြားနာနေစဉ်၊ အကျူးလွန်ခံရသူသည်တစ်နှစ်မှ နှစ်နှစ် အထိ တရားရုံးသို့ အကြိမ်ကြိမ်သွား ရမည်။ |
| ၁၀ | စီရင်ချက်ချမှတ်ပြီးစီးခြင်း | ဒုက္ခသည်များအတွက်–<br>● အကျူးလွန်ခံရသူ၊<br>● UNHCR/အမျိုးသမီးအဖွဲ့အစည်း မှအမှုအ တွက်တာဝန်ယူ ဆောင်ရွက်ပေးသူ၊<br>● စာနယ်ဇင်းမီဒီယာ။<br>ရွှေ့ပြောင်းအလုပ်လုပ်သူများအတွက်–<br>● အကျူးလွန်ခံရသူ၊<br>●NGO နှင့် အမျိုးသမီး အဖွဲ့အစည်းမှအမှု အတွက် တာဝန်ယူ ဆောင်ရွက်ပေးသူ၊<br>● လူဝင်မှုကြီးကြပ်ရေးဌာန၊<br>● စာနယ်ဇင်းမီဒီယာ | ရဲထံသို့အမှုတိုင်ကြားသည့်အချိန်မှ တရားစီရင်ခြင်း ပြီးဆုံးသည် အထိ တစ်နှစ်၊ နှစ်နှစ် အထိကြာမြင့်နိုင်သည်။ အကျူးလွန်ခံရသူမှ လူမှုရေးဆိုင်ရာထောက်ခံအားပေးခြင်းနှင့် စိတ်ခံစားမှု ဆိုင်ရာ အားပေးထောက်ပံ့မှုများကို ပို၍လိုကောင်းလိုမည်။ သို့မဟုတ် မလိုအပ်တော့သည့် အခြေအနေလည်းဖြစ်နိုင်သည်။အကျူးလွန်ခံရသူသည် ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီး ဖြစ်ပါက၊ အမှုပြီးသည်နှင့် သူမ၏နေရင်းနိုင်ငံကို ပြန်လည်ပို့ရန် အာဏာပိုင်များက ချက်ချင်းစီစဉ်လိမ့်မည်။ |

| အားနည်းကွာဟချက်/အခက်အခဲပြဿနာများ | လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ |
|---|---|
| | |

| အဆင့် (၁) | ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်သူများနှင့် ခုကၡသည် အမျိုးသမီးများ |
|---|---|
| အကျူးလွန်ခံရသူကာယကံရှင်က ပထမဆုံး ဆက်သွယ်ဖွင့်ပြောခြင်း | အကျူးလွန်ခံရသူသည်သူမ၏အဖြစ်အပျက်ကို သူမနှင့်အနီးစပ်ဆုံး၊ အခင်မင်ဆုံးသူငယ်ချင်းတစ်ဦးကိုဖြစ်စေ၊ မျက်မြင်သက်သေ တစ်ဦးဖြစ်စေ၊ ဆွေမျိုးတစ်ဦးကိုဖြစ်စေ၊ အခင်းဖြစ်ပွားရာပတ်ဝန်းကျင်မှ တစ်ဦး တစ်ယောက်ကို ဖြစ်စေ ဖွင့်ပြောနိုင်သည်။ ထိုအခါ ပုဂ္ဂိုလ်အနေနှင့်<br>(က) အကျူးလွန်ခံရသူ၏ ပြောကြားချက်ကို နားထောင်ပေးပါ။<br>(ခ) မိမိ၏ ကိုယ်ချင်းစာနာမှုကိုပြသပါ။<br>(ဂ) အပြစ်တင်မှု၊ ဝေဖန်မှုနှင့် ဆုံးဖြတ်ပေးမှုများကို မလုပ်သင့်။<br>(ဃ) အကျူးလွန်ခံရသူ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးပါ။<br>(င) အမျိုးသမီးအဖွဲ့အစည်းများနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကိုပေးပါ။<br>(စ) အကျူးလွန်ခံရသူကို အမျိုးသမီးအဖွဲ့အစည်းများ (သို့) စာမျက်နှာ( )တွင်ဖော်ပြထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ဆက်သွယ်ရန်အကြံပြုပြီး လိုအပ်ပါက လိုက်ပါပို့ဆောင်ကူညီပေးပါ။<br>(ဆ)အကျူးလွန်ခံရသူ၏ ပြောပြချက်ကို မပေါက်ကြားစေရန် ထိန်းသိမ်းပေးပါ။<br>အကျူးလွန်ခံရသူ၏ခွင့်ပြုချက်မရရှိပါက မည်သူကိုမှ ပြောမပြသင့်။ အကျူးလွန်ခံရသူအမျိုးသမီးမှ ပထမဆုံးဖွင့်ပြောပြောချင်း ဆောင်ရွက် ရမည်မှာ သူမ၏လတ်တလောလိုအပ်ချက်များကို အလျှင်အမြန် ကူညီဆောင်ရွက်ပေးရန်ဖြစ်သည်။ သို့သော် မုဒိမ်းကျင့်ခံရမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ စုဆောင်းခြင်းများ၊ အမှုအတွက် အသေးစိတ် မေးမြန်းခြင်းများ မလုပ်သင့်ပေ။ |

| အားနည်းချက်/အခက်အခဲပြဿနာများ | လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ |
|---|---|
| (က) ၎င်း၏ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ အကြမ်းဖက်မှုများ၊ မုဒိမ်းမှုများနှင့်ပတ်သက်၍ သတင်း အချက်အလက်များ စုဆောင်းထားမှု မရှိခြင်း။ | (၁) အကြမ်းဖက်မှု၊ နှိပ်စက်ညှင်းပန်းမှုများနှင့်ပတ်သက်၍ အခြေခံသတင်းအချက်အလက်များ ဖော်ပြထားသည့် ပိုစတာ များ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း။ (ဥပမာ– မုဒိမ်းကျင့်ခံရလျှင် ချက်ချင်းရေချိုးခြင်း၊ သန့်စင်ဆေးကြောခြင်းများ မလုပ်သင့်— စသည်ဖြင့်) |
| (ခ) အကျူးလွန်ခံရသူအနေနှင့် (ကြောက်ရွံ့မှုကြောင့်၎င်း၊ ရှက်စိတ်ကြောင့်၎င်း၊ ကြေကွဲဝမ်းနည်းမှုကြောင့်၎င်း) မည်သူနှင့်မျှ စကားပြောဆိုလိုစိတ် မရှိခြင်း။ | (၂) ဒုက္ခသည်အမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်လုပ်သူအမျိုးသမီးများအတွက် အမျိုးသမီးစွမ်းရည်မြှင့် သင်တန်းများနှင့် အခြားလုပ်ဆောင်မှုများကို အဆက်မပြတ်ဆောင်ရွက်ပေးခြင်း။ |
| (ဂ) အမျိုးသမီးများအား ယုံကြည်မှုမရှိတတ်ခြင်း | (၃) လူထုအတွင်း အလေးထားသတိမူရေးလှုံ့ဆော်၊ ပညာပေးမှုများကို အစဉ်မပြတ် လုပ်ဆောင်ခြင်း။ |
| (ဃ) အကျူးလွန်ခံရသူမှပထမဆုံးဆက်သွယ်သည့်ပုဂ္ဂိုလ်မှ ပံ့ပိုးကူညီမှု ပြည့်စုံစွာမပေးနိုင်ခြင်း။ ပထမ ဆုံးဆက်သွယ်သည့်ပုဂ္ဂိုလ်အနေဖြင့် ဤအရေးကိစ္စကို အလေးအနက်မထားမိခြင်း။ အမှားအမှန်ကို ဆုံးဖြတ် ပေးမိခြင်း။ | (၄) လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံ၍ခွဲခြားဆက်ဆံမှုစသည်တို့ကို အခြေခံသည့် အကြမ်းဖက်မှုများ အကြောင်းကို လူထုအတွင်း အလေးထားသတိမူရေးလှုံ့ဆော်၊ ပညာပေးမှုများကို အစဉ်မပြတ် လုပ်ဆောင်ခြင်း။<br>(၅) အမျိုးသမီးများနှင့် အခြေခံစိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ အခြေခံသဘောတရားများဆိုင်ရာ သင်တန်းများ၊ ပြုလုပ်ခြင်း၊ ဆွေးနွေးခြင်း။ |
| (င) ပထမဆုံးဆက်သွယ်သည့်ပုဂ္ဂိုလ်အနေဖြင့် အမျိုးသမီး အဖွဲ့အစည်းများအကြောင်း မသိခြင်း။ | (၆) အမျိုးသမီးအဖွဲ့အစည်းများ၏ ဆက်သွယ်ရန်လိပ်စာ၊ ဖုံး၊ အခန်း**ကဏ္ဍ**၊ ကူညီပံ့ပိုးပေးမှုများ အကြောင်းကို ကြော်ငြာပေးခြင်း။<br>(၇) အမျိုးသမီးအဖွဲ့အစည်းများ၏ ဖုံးနံပတ်များ၊ NGOများ၏ ဖုံးနံပါတ်လိပ်စာများနှင့် ဒုက္ခသည်စခန်းအသီးသီးမှ တာဝန်ရှိသူများ၏ အမည်များကို နေရာအနှံ့ဖြန့်ဝေထားခြင်း။ |
| (စ) အကျူးလွန်ခံရသူ ပထမဆုံးဆက်သွယ်သည့် ပုဂ္ဂိုလ်မှ သူမအတွက် အချိန်မပေးနိုင်ခြင်း၊ ယင်း ပုဂ္ဂိုလ်အနေနှင့် သူမအား ကူညီနိုင်ရန်အတွက် တရားဝင်အခြေအနေ အဆင့်အတန်း မရှိခြင်း၊ အရင်းအမြစ်မရှိခြင်း၊ | (၈)အခမဲ့ အရေးပေါ် အကျိုးဆောင်သော ဖုံးလိုင်းထားရှိခြင်း။ |

## အဆင့် (၂)

## ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်သူများနှင့် စခန်းပြင်ပနေ ဒုက္ခသည်များအတွက်၊

**အကျူးလွန်ခံရသူ ပထမဆုံး ဆက်သွယ်၍ ပြောကြားသည့် ပုဂ္ဂိုလ်မှ သူမကို အမျိုးသမီး အဖွဲ့အစည်းများ (သို့မဟုတ်) NGO များထံသို့ လိုက်ပါပို့ဆောင်ပေးခြင်း။**

**ပထမဦးဆုံးဆက်သွယ်မှုပြုလုပ်သည့်ပုဂ္ဂိုလ်၏အခန်းကဏ္ဍ။**

ဤအဆင့်တွင် ပထမဦးဆုံးဆက်သွယ်မှုပြုလုပ်သည့်ပုဂ္ဂိုလ်၊ နေရာမှ လုပ်ဆောင်နိုင်သောအချက်များမှာ–

( က) အကျူးလွန်ခံရသူကို အမျိုးသမီးအဖွဲ့အစည်းထံသို့သွားရောက်ရာတွင် အဖော်အဖြစ်လိုက်ပါပေးခြင်း။

(ခ) အကျူးလွန်ခံရသူ၏ ဆန္ဒပေါ်မူတည်၍ အဖော်အဖြစ်အတူနေပေးခြင်း (သို့) အကျူးလွန်ခံရသူအား တယောက်တည်းထားပေးခြင်း။

(ဂ) အကျူးလွန်ခံရသူ၏ သတင်းအား လုံးဝမပေါက်ကြားစေရန် လုံခြုံစွာ ထိန်းသိမ်းခြင်း။

**အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO ၏အခန်းကဏ္ဍ။**

**အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO များအနေဖြင့်–**

(က) အကျူးလွန်ခံရသူအတွက် သီးသန့်နေရာတခုကို စီစဉ်ပြင်ဆင်ပေးရန်။

(ခ) အကျူးလွန်ခံရသူ/ခံစားရသူ၏ ပြောကြားချက်ကို နားထောင်ပေးရန်။

(ဂ) စိတ်ပိုင်းဆိုင်ရာ ခံစားမှုများအတွက် ပံ့ပိုးမှုပေးရန်။

(ဃ) ကျန်းမာရေး (သို့မဟုတ်)ဒဏ်ရာဒဏ်ချက်များကို စစ်ဆေးစမ်းသပ်ရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားရန်။

(င) ကျန်းမာရေး စစ်ဆေးချက်၏ ဆောင်ရွက်မှုအဆင့်ဆင့်အကြောင်းကို ရှင်းလင်းပြောကြားရန်။

(စ) အကျူးလွန်ခံရသူအား ဆေးရုံသို့သွားလိုသော ဆန္ဒရှိမရှိ မေးမြန်းပါ။ သွားလိုပါက ချက်ခြင်း သွားရောက်အစစ်ဆေးခံရန်။ (ဖြစ်နိုင်ပါက ဆေးကြောခြင်း၊ အဝတ်အစားလဲလှယ်ခြင်းများ မပြုလုပ်ရန်)

(ဆ) အကယ်၍ အမျိုးသမီးအဖွဲ့အစည်းများနေဖြင့် NGO(အစိုးရမဟုတ်သောအဖွဲ့အစည်း)၏ အကူအညီများ လိုအပ်ပါက ဆက်သွယ်၍ NGO၏ တာဝန်ခံတစ်ဦးကို တောင်းရန်။

(ဇ) NGOမှ ဝန်ထမ်းတစ်ဦးကို တာဝန်ပေး၍ အကျူးလွန်ခံရသူအားအကူအညီပေးခြင်း အမျိုးသမီး အဖွဲ့အစည်းနှင့် အတူ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် စေလွှတ်ခြင်း။

(ဈ) NGO တာဝန်ခံမှ အကျူးလွန်ခံရသူအားဆေးရုံ၊ ဆေးခန်းသို့ ခေါ်ဆောင်သွားရန်။

(ည) ပါဝင်ပတ်သက်သူအားလုံး၊ ၎င်းအမှုကိစ္စအား မပေါက်ကြားစေရန် လုံခြုံစွာစောင့်ထိန်းပါ။

(ဋ) အကျူးလွန်ခံရသူအတွက် စိတ်ချလုံခြုံရသော နေရာတစ်ခု စီစဉ်ပေး၍ တစုံတစ်ယောက်မှ အဖော်အဖြစ် အတူနေပေးရန်။

| ကြုံတွေ့နိုင်သောအခက်အခဲပြဿနာများ၊ | အကြံပြုလိုသော လုပ်ဆောင်ချက်များ |
|---|---|
| အိမ်နီးချင်း (သို့မဟုတ်) အလွန်နီးစပ်သောအသိုင်းအဝိုင်းအတွင်း၌ သတင်းပေါက်ကြားရန်လွယ်ကူခြင်း။ | အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအတွက် လျှို့ဝှက်ချက်များလုံခြုံစွာ ထိန်းသိမ်းရန်ကိစ္စများနှင့် ပတ်သက်၍ လမ်းညွှန်ချက်များကို ရေးဆွဲရန် တွင် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း ။ |
| လုံခြုံစိတ်ချရသောနေရာကို ရရှိရန်ခက်ခဲခြင်း။ | ဒုက္ခသည်စခန်းများ၌ စခန်းအတွင်းရှိကော်မတီခေါင်းဆောင်များနှင့်ပူးပေါင်း၍ အကျူးလွန်ခံရသူအတွက် လုံခြုံဘေးကင်းမှု ရှိစေရန် စီမံဆောင်ရွက်ပေးခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်းများအတွင်း ၎င်းကိစ္စနှင့် ပတ်သက်၍ ဖော်ပြပါအဆင့်များကို ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်အောင် လေ့ကျင့်ထားသူများ မရှိခြင်း | အကျူးလွန်ခံရသူအား စိတ်ပိုင်းဆိုင်ရာအကြံပေးဆောင်ရွက်နိုင်ရန် အမျိုးသမီးအဖွဲ့ဝင်များအား ရွေးချယ်ထား၍ လိုအပ်သော သင်တန်းပေးခြင်း။ |
| အဖွဲ့အစည်းများ၌လူအရင်းအမြစ်နည်းပါးခြင်း။ စိတ် ပိုင်းဆိုင်ရာအကြံပေးရန်လေ့ကျင့်ခဲ့ဖူးသော အမျိုးသမီး များရှိသော်လည်း အခြားလုပ်ဆောင်ရန်တာဝန်များ ရှိနေခြင်းကြောင့်၊ စိတ်ပိုင်းဆိုင်ရာ အကြံပေးမှုအတွက် အချိန်မပေးနိုင်ခြင်း။ စိတ်ပိုင်းဆိုင်ရာအကြံပေးခြင်းကို ရာထူးတာဝန် တခုအဖြစ် မမြင်ခြင်း။ | အဖွဲ့အစည်းများ၌စိတ်ပိုင်းဆိုင်ရာ အကြံပေးသူများအတွက် နေရာပေးခန့်အပ်ခြင်းကိုပြုလုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြံပေးခြင်းသင်တန်းအတွက် သင်တန်းတက်ရောက်ရန် ပိုမိုစီစစ်ရွေးချယ်ခြင်း။ သင်တန်းပြီးဆုံးလျှင် သင်တန်း ဆင်းထားသူအား စိတ်ပိုင်းဆိုင်ရာအကြံပေးခြင်းဆိုင်ရာ တာဝန်ကို ထမ်းဆောင်စေခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် အကျပ်အတည်း ကာလ ကြုံတွေ့နေရသောအခြေအနေ (အဖမ်းအဆီးခံရခြင်း၊ အပိတ်ခံရခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခွင့်များ ပိတ်ပင်ထားခြင်း) တွင်လာရောက်ခိုလှုံသော ရွှေ့ပြောင်းအလုပ်လုပ်နေထိုင်သူများကို မည်သည့် အကူအညီမှ မပေးနိုင်ပဲ ထွက်ခွာသွားရခြင်း။ | ပြည်တွင်း၊ ပြည်ပ NGOအဖွဲ့များနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများအား ဖြစ်ပွားသော အခြေအနေ အရပ်ရပ်ကို တင်ပြတိုင်ကြားခြင်း၊ ယင်းအခြေအနေအရပ်ရပ်ကို မှတ်တမ်းတင်ထားခြင်း၊ |

| | **အဆင့် (၃)** | **NGO (သို့မဟုတ်) အမျိုးသမီးအဖွဲ့အစည်းများမှ ကူညီပံ့ပိုးပေးသည့် ပုဂ္ဂိုလ်၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ။** |
|---|---|---|
| | **အားပေးပံ့ပိုးသူမှ အကျူးလွန်ခံရသူအား ကျန်းမာရေးဌာန (သို့) ဆေးရုံသို့ လိုက်ပါပို့ဆောင်ခြင်း** | *အမျိုးသမီးအဖွဲ့အစည်းသို့ (NGO)မှ ကူညီပံ့ပိုးပေးသည့် ပုဂ္ဂိုလ်များ အနေဖြင့် ဆက်လက်လုပ်ဆောင်ရန်။*<br>(က) အကျူးလွန်ခံရသူ(သို့မဟုတ်) ရပ်တည်ရှင်သန်သူကို ကျန်းမာရေး ဌာန/ဆေးရုံ/အရေးပေါ်နားနေရာဌာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း။<br>(ခ) အကျူးလွန်ခံရသူ အတွက် လိုအပ်ပါကစကားပြန်လုပ်ပေးခြင်း၊ ကူညီ စောင့်ဆိုင်းပေးခြင်း။<br>(ဂ)အကျူးလွန်ခံရသူ အတွက်အမျိုးသမီးဆရာဝန်ကိုယ်တိုင် စမ်းသပ်ကုသ ပေးရန် တောင်းဆိုပေးခြင်း။<br>(ဃ) အကျူးလွန်ခံရသူ အားဆေးရုံသို့ခေါ်ဆောင်မလာမီ မည်သည့်ဆေးဝါး များတိုက်ကျွေးခဲ့သည်ကို လာရောက်စစ်ဆေးသောဆရာဝန်အား ပြောပြရန်။ (ဥပမာ–အရေးပေါ်ပဋိသန္ဓေတားဆေး တိုက်ကျွေးခြင်း)<br>(င) အကျူးလွန်ခံရသူကို မည်သို့စမ်းသပ်၍ ဆေးစစ်ချက်ရယူမည်ကို ဆရာဝန်အားရှင်းပြပေးစေရန်။<br>(စ) ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်း ဖြည့် ပြီး၊ မပြီး သေချာစွာပြန်စစ်ပါ။<br>(ဆ) အကျူးလွန်ခံရသူမှတောင်းဆိုပါက ဆေးကုသမှုဆိုင်ရာ ညွှန်ကြား ချက်များအားလုံးကိုနားထောင်ပေးရန်။ (နောက်ပိုင်းတွင် အကျူးလွန်ခံ ရသူအား ပြန်လည်ရှင်းပြနိုင်ရန်။)<br>(ဇ) ဆေးဝါးကုသခစရိတ်အတွက် လိုအပ်သလိုစီစဉ်ပေးရန်။<br>(ဈ) အချက်အလက်အားလုံးကို ပေါက်ကြားမှုမရှိစေရန် အထူးတင်း ကျပ်စွာ စောင့်စည်းပေးရန်။<br>***ဆေးရုံ/ဆေးခန်း၏အခန်းကဏ္ဍ။***<br>(က) ဆေးကုသလာသူ အကျူးလွန်ခံရသူ ကာယကံရှင်အား သီးသန့်လုံခြုံ သောနေရာတစ်ခုစီစဉ်ပေးပြီး သူမထံမှ ဖြစ်ပျက်သမျှနောက် ကြောင်းရာ ဇဝင်ကို စစ်တမ်းယူပါ။<br>(ခ) ဆေးကုသရာ၌ ကုသမှုအစီအစဉ်ကို ရှင်းပြခြင်း။<br>(ဂ) အမျိုးသမီးကျန်းမာရေးဝန်ထမ်းမှ လိုအပ်သလိုစစ်ဆေးခြင်းနှင့် ကုသခြင်း ကို ဆောင်ရွက်ခြင်း။<br>(ဃ) ဆေးစစ်ရာတွင် ဥပဒေရေးရာအရ အကြုံးဝင်သောဆေးစစ်ချက်များနှင့် ဆေးမှတ်တမ်းများဖြည့်စွက်ခြင်းကို ပြည့်စုံအောင်ပြုလုပ်ခြင်း၊ အခြားသော စာရွက်စာတမ်း အထောက်အထားများကို ထိုင်းအာဏာပိုင်များအတွက် လိုအပ်သလိုစီစဉ်ပေးခြင်း။<br>(င) အရေးပေါ်ပဋိသန္ဓေတားဆေးကို တိုက်ကျွေးရန်စီစဉ်ခြင်း။ (ကာမမြောက် ကျူးလွန်ခံရခြင်း)<br>(စ) လိင်ဆက်ဆံမှုအားဖြင့် ကူးစက်လာနိုင်သည့် ရောဂါများ *STDs* အတွက် လိုအပ်သလိုကြိုတင်ကာကွယ်မှု ပြုလုပ်ခြင်း။<br>(ဆ) နှစ်ပတ်အတွင်း၌ လိင်ဆက်ဆံမှုအားဖြင့် ဖြစ်ပေါ်နိုင်သည့် ကူးစက်ရော ဂါများ *STDs* စစ်ဆေးခြင်း (သို့မဟုတ်) စစ်ဆေးရန် ရက်ချိန်းပေးခြင်းတို့ကို ပြုလုပ်ခြင်း။<br>(ဇ)ထပ်မံစစ်ဆေးရန်လိုအပ်ပါကရက်ချိန်းပေးခြင်း(ဥပမာ–စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးခြင်း၊ ကိုယ်ဝန်ရှိမရှိစစ်ဆေးခြင်း၊ ခုခံအားကျဆင်းမှု (HIV ရောဂါပိုးအတွက် ဆွေးနွေးအကြံပြုခြင်း)<br>***အကျူးလွန်ခံရသူ ကာယကံရှင်။ / ရပ်တည် ရှင်သန်သူ***<br>(က) ဆရာဝန်အား အမှုနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးအသေးစိတ် အချက်အလက်များပေးပါ။<br>(ခ) မိမိသိလိုသမျှကို ဆရာဝန်အားမေးပါ။<br>(ဂ) မိမိအားလိုက်လံကူညီပေးသူအား မိမိ၏ဆန္ဒအတိုင်း တွေ့ဆုံလိုသော အချိန်၊ တွေ့ဆုံလိုသောနေရာကို ပြောပါ။ |

| ကြုံတွေ့နိုင်သောအခက်အခဲပြဿနာများ၊ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| အရေးပေါ်ခေတ္တနားနေရာဌာနများသည် အမှုကိစ္စကို အများမသိအောင်လျှို့ဝှက်ထားရန် အာမ–မခံနိုင်ခြင်း၊ ရဲကိုအကြောင်းကြားရန်၊ တိုင်ကြားရန် အတင်းတိုက်တွန်းတတ်ခြင်း | အမျိုးသမီးအဖွဲ့အစည်းများနှင့် NGOများသည် ၎င်းတို့ဒေသအတွင်းရှိ အရေးပေါ်ခေတ္တနား နေရာဌာနနှင့် ဆက်သွယ်၍ ပုံမှန်ဆွေးနွေးပွဲများပြုလုပ်ခြင်း။ |
| အနီးဆုံးဆေးရုံ၊ ဆေးခန်းတွင် အရေးပေါ်ခေတ္တနား နေရာ၊ ဌာန မရှိခြင်း။ | အမျိုးသမီးအဖွဲ့အစည်းများမှ မိမိဒေသအတွင်းတွင် အရေးပေါ်ခေတ္တနား နေရာဌာနတခု လိုအပ်နေကြောင်း မိမိတို့၏ မိတ်ဆွေအဖွဲ့အစည်းများ၊ အဆက်အသွယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်းနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း။ | အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆေးကုသရေးအဖွဲ့တို့အကြား အပြန်အလှန်နားလည်မှု တည်ဆောက်ရန်နှင့် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံသည့် လုပ်ငန်းစဉ်ဆောင်ရွက်မှုတခု ရှိလာအောင် ပုံမှန် အစည်းအဝေးများ ပြုလုပ်ခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်းအနေဖြင့် မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းသူများအား ထိရောက်စွာ ကူညီနိုင်သော်လည်း မှတ်ပုံတင်မရှိသော ရွှေ့ပြောင်းသူများအား အကူအညီပေးရာ၌ အခက်အခဲများ ရှိခြင်း။ | NGOအဖွဲ့အစည်းများသို့ ဆက်လက်လွှဲအပ်သည့် စံနစ်တခု တည်ဆောက်ခြင်း။ အမျိုးသမီးအဖွဲ့အစည်းများနှင့် NGOအဖွဲ့အစည်းတို့အကြား တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်အကျိုးပြုကာ မိမိတို့၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် ဖြစ်လာစေရေးအတွက် ဆွေးနွေးပွဲများ ညှိနှိုင်းတိုင်ပင်ခြင်းများ ပြုလုပ်ခြင်း |

*ဥပဒေတွင် ပါရှိသော အချက်များ။*

**ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ ကျန်းမာရေးဆေးကုသခြင်းများဆိုင်ရာ အခွင့်အရေး**

- မည်သူမဆိုဆေးရုံသို့ ကျန်းမာရေး စစ်ဆေးကုသမှုခံယူနိုင်ခွင့်ရှိသည်။
- ရွှေ့ပြောင်းအလုပ်သမားမှတ်ပုံတင်ရှိသူများအတွက် ထိုင်းနိုင်ငံလုံးဆိုင်ရာကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာမူဝါဒအရ ဆေးကုသစရိတ် ဘတ်(၃၀)သာကုန်ကျမည်ဖြစ်သည်။
- အလုပ်သမားမှတ်ပုံတင်မရှိသော ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်များသည်လည်း ကျသင့်သောဆေးဖိုးဝါးခအတွက် လူမှုအဖွဲ့အစည်းများထံ အကူအညီတောင်း၍ကျခံစေခြင်း၊ စေတနာဝန်ထမ်းပုဂ္ဂိုလ်များနှင့် တိုင်ပင်၍ ကျသင့်သည့် ဆေးဖိုးဝါးခကို လျော့ပေးစေခြင်း (သို့) လုံးဝလျော်ပေးခြင်းများကို ခံစားပိုင်ခွင့်ရှိသည်။

*မုဒိမ်းမှုအတွက် လုပ်ဆောင်ရန် လုပ်ငန်းစဉ်*

- မုဒိမ်းမှုဖြစ်ပွားသည့်အကြောင်းကို ဆေးရုံရှိ ဆရာဝန်ထံသို့ အကြောင်းကြား သတင်းပို့ပါ။
- ဆေးရုံသို့ မရောက်မှီအတွင်း အခင်းဖြစ်ပွားစဉ်က ဝတ်ဆင်ထားသော အဝတ်အစားများကို လဲလှယ်ခြင်း၊ ရေချိုးခြင်း၊ ဆီးသွားခြင်းများမပြုလုပ်ပါနှင့်။
- ဆရာဝန်ကသင့်အား ဆေးစစ်၍ တွေ့ရှိချက်များကို ဆေးမှတ်တမ်းအစီရင်ခံစာရေးမည်ဖြစ်သည်။
- ဆရာဝန်က သင့်အား ကိုယ်ဝန်မရရှိစေရန်အရေးပေါ် ပဋိသန္ဓေတားဆေးကို တိုက်ကျွေးကောင်းတိုက်ကျွေးမည်ဖြစ်သည်။
- မုဒိမ်းကျင့်ခံရပြီး အရေးပေါ်ပဋိသန္ဓေတားဆေးကို မသောက်လိုက်ရ၍ ကိုယ်ဝန်ရရှိလာသောအခါမျိုးတွင် သင်က ကိုယ်ဝန်ကို မလိုချင်ပါက တရားဝင်ဖျက်ချပိုင်ခွင့် ရှိသည်။
- ဆရာဝန်မှ သင့်အား ရဲသို့တိုင်ချက်ဖွင့်လိုခြင်းရှိ၊ မရှိမေးမြန်းပါမည်။
- ရဲသို့တိုင်ချက်ဖွင့်ရန်ကိစ္စနှင့်ပတ်သက်၍ ချက်ခြင်းတိုင်ကြားမည် (သို့မဟုတ်) အချိန်ယူစဉ်းစားပြီးမှ တိုင်ကြားမည် တို့ကိုသင်၏ဆန္ဒအတိုင်း ရွေးချယ်ခွင့်ရှိသည်။

*မုဒိမ်းမှုဖြစ်ပွားသည့်အချိန်၌*

- အကျူးလွန်ခံရသူ သည် အသက် ၁၈နှစ်အောက်ဖြစ်ခြင်း။
- အကျူးလွန်ခံရသူသည် ဆောက်တည်ရာမရဖြစ်လောက်အောင် ကိုယ်စိတ်ဝေဒနာခံစားနေရသောကြောင့် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ပြုလုပ်နိုင်ခြင်းမရှိဖြစ်ခြင်း။ တို့ကိုတွေ့ရှိရပါက ဆေးရုံအနေဖြင့် ဥပဒေအရ ရဲသို့တိုင်ချက် ဖွင့်နိုင်သည်။ ရဲသို့တိုင်ချက်ဖွင့်ခြင်းနှင့် ပတ်သက်ပါက–( ရဲသို့တိုင်၊ မတိုင်ကို ) အထက်ဖော်ပြပါအခြေအနေမျိုးမှလွဲ၍ အကျူးလွန်ခံရသူ ကိုယ်တိုင်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

| အားနည်းကွာဟချက်/အခက်အခဲပြဿနာများ | လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ |
|---|---|
| | |

| | **အဆင့် (၄)** | **ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်များအတွက်၊** |
|---|---|---|
| | **အားပေးပံ့ပိုးသူ၊ အဖွဲ့အစည်းမှ အကျူးလွန်ခံရသူအား ကူညီထောက်ပံ့မှုများပေးခြင်း** | ***အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO ၏အခန်းကဏ္ဍ။**<br>(က)အကျူးလွန်ခံရသူနှင့် သူမအားကူညီအားပေးနိုင်သူအတူနားခိုမည့်နေရာတစ်ခုစီစဉ်၍ ယင်းနေရာအား လုံးဝလုံခြုံစိတ်ချရသည့် နေရာတခုဖြစ်အောင်စီစဉ်ပေးခြင်း<br>(ခ) အကျူးလွန်ခံရသူအတွက် သက်တောင့်သက်သာမှုရှိသောနေရာနှင့်ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်း၊  သူမ၏အဖော်အဖြစ် သူမနှင့်အတူနေပေးရန် မည်သူ့ကို ခေါ်ထားလိုကြောင်း မေးမြန်းပါ။<br>(ဂ) မကြာခဏ နစ်နစ်သူထံသွားရောက်လည်ပတ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးခြင်းများ ပြုလုပ်ပါ။<br>(ဃ) အကျူးလွန်ခံရသူအား ဖြစ်နိုင်ချေရှိသောအရေးယူဆောင်ရွက်ချက်များနှင့်  ဖြစ်ပေါ်လာနိုင်မည့်အကျိုးဆက် များကို ရှင်းပြပါ။<br>(င) အကျူးလွန်ခံရသူအနေနှင့် ရွေးချယ်နိုင်သည့် နည်းလမ်းများ နှင့် မရှင်းလင်းသည်များကို မေးနိုင်ရန်အတွက် သူမအားစဉ်းစားချိန်ပေးပါ။<br>(စ) အမည်နာမများနှင့်တည်နေရာအရပ်များကို မပြောဘဲ၊ သက်ဆိုင်ရာဌာနများမှ နောက်ထပ်လိုအပ်သည့် သတင်းအချက်အလက်များကို ရယူပါ။<br>(ဆ) အသေးစိတ်အစီရင်ခံစာ ရေးသားခြင်းနှင့်  ဖြစ်ရပ်မှတ်တမ်းတင်ပုံစံဖြည့်ခြင်းများ ပြုလုပ်ပါ။<br>***အကျူးလွန်ခံရသူ***<br>(က) ကိုယ်၊ စိတ် နှစ်ပါးစလုံး နဂိုပုံမှန်အခြေအနေသို့ ရောက်ရှိလာစေရန် အတွက် အချိန်ယူပါ။ |

| **ကြုံတွေ့နိုင်သောအခက်အခဲပြဿနာများ၊** | **ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ** |
|---|---|
| လျှို့ဝှက်ချက်များကိုမပေါက်ကြားစေဘဲ၊ အသေးစိတ်ကိုမဖော်ပြဘဲ၊ အခြားဌာနများကို ဆက်သွယ်ရန် လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရန် ခက်ခဲခြင်း။ | အမျိုးသမီးအဖွဲ့အစည်းများရှိ အမှုထမ်း အားလုံးအား သင်တန်းပေးခြင်း။ တာဝန်ယူကူညီပံ့ပိုးပေးသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ပုံမှန် တွေ့ဆုံအစည်း အဝေးများလုပ်ခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်း (သို့မဟုတ်) NGO အဖွဲ့အစည်းများတွင် တိုင်ကြားချက် အစီရင်ခံစာ ရေးသားရန် အတွက် လုံလောက်သော ကျွမ်းကျင်မှုများမရှိခြင်း။ | ဖြစ်ရပ်မှတ်တမ်းတင်ပုံစံများ ဖြည့်စွက်ရေးသားတတ်လာစေရန်၊ လေ့ကျင့်မှု သင်တန်းများ ပြုလုပ်ခြင်း။ |

## *အဆင့် ၄ လုပ်ဆောင်ပြီးသည့် နောက်ပိုင်း အခန်းကဏ္ဍ။ ⁕*

ကာယကံရှင်အကျူးလွန်ခံရသူသည် အဆင့် ၁–မှ အဆင့် ၄–အထိ လုပ်ဆောင်ပြီးနောက်ပိုင်း၌ မည်ကဲ့သို့သောအရေးယူမှုမျိုးကိုမှ ဆက်လက် မလုပ်ဆောင်လိုတော့ပါ ဟု ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်သည်။ သို့သော်လည်း သူမအနေဖြင့် ကိုယ်စိတ်ကျန်းမာရေး နဂိုပုံမှန်အခြေအနေသို့ ရောက်ရှိရန်၊ အနားယူနိုင်ရန်အတွက် သူမ၏ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်နှင့် စခန်းကော်မီတီဝင်များ၊ အမျိုးသမီးအဖွဲ့အစည်းမှ အားပေးကူညီထောက်ပံ့မှုများ သူမအနေဖြင့် ရယူလိုကောင်းရယူလိုမည်။

- အကယ်၍သူမသည် အရေးယူဆောင်ရွက်မှုကို ဆက်လက် လုပ်ဆောင်လိုခြင်းမရှိတော့ပါက၊ သူမအား သူမလိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးရန်။

(က) သူမအနေဖြင့် တိတ်ဆိတ်စွာဖြင့် မိမိ၏ ဘဝကို အသစ်ပြန်လည်တည်ဆောက်လိုသည့် ဆန္ဒရှိကောင်း ရှိမည်။
(ခ) သူမအနေဖြင့်  မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားအလိုက်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကုစားခြင်းနှင့်ဖြစ်စေ (ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးမှုများကို ရယူခြင်း၊ ယောဂ လေ့ကျင့်ခန်းလုပ်ခြင်း၊) စသည်တို့ကိုလုပ်ဆောင်ခြင်းဖြင့်  မိမိစိတ် ခံစားမှု ဝေဒနာများအား ကုစားလိုသောဆန္ဒ ရှိကောင်းရှိမည်။
(ဂ) သူမသည် မိမိခံစားခဲ့ရသော မုဒိမ်းမှုနှင့်ပတ်သက်သည့်အဖြစ်အပျက်ကို တနည်းတဖုံအားဖြင့် ထုတ်ဖော်ရန်၊ ဝတ္ထုရေးခြင်း၊ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊ အနုပညာ များကိုဖန်တီးခြင်း၊ ပြဇာတ်ကကွက်များဖန်တီးခြင်းများကို လုပ်ဆောင်လိုကောင်းလိုမည်။ ဤသူမလုပ်လိုသည့် ဆန္ဒများ၊ လိုအပ်ချက်များမှာ တခုချင်း တသီးတခြားစီ ဖြစ်နေသည့် လိုအပ်ချက်များ မဟုတ်ပါ။ သူမအနေဖြင့် တစ်ချိန်ထဲ တစ်မျိုး သို့မဟုတ် နှစ်မျိုးလိုကောင်းလိုနိုင်သည်။ အကယ်၍သူမအနေဖြင့် နောက်တဆင့်တိုး၍ အရေးယူလုပ်ဆောင်ရန် ဆန္ဒရှိပါက အလားတူအထောက်အပံ့များ လိုအပ်မည်ဖြစ်သည်။

- အကယ်၍သူမအနေနှင့် အရေးယူဆောင်ရွက်မှုကို လိုလားသော်လည်း မည်ကဲ့သို့သောအရေးယူဆောင်ရွက်မှု ဆက်လုပ်မည်ကို မသေချာပါက အဆင့် ၅–အတိုင်း ဆက်လက်လုပ်ဆောင်ရန်။
- အကယ်၍သူမအနေဖြင့် အရေးယူဆောင်ရွက်မှုကို ဥပဒေအရလုပ်ဆောင်လိုလျှင်လည်း အဆင့် ၅–အတိုင်းဆက်လက်လုပ်ဆောင်ရန်။

အကျိုးလွှမ်းခံရသူသည် သူမ၏ထိခိုက်နစ်နာမှုအပေါ်၌ ရှေ့တိုး၍ အရေးယူဆောင်ရွက်မှုများလုပ်ရန် စိတ်အားထက်သန်နေသော်လည်း ၎င်း၏အမှုကိုတရားရုံးတင်၍ တရားစွဲဆိုခြင်း မပြုလိုသေးသည့်အခြေအနေကာလမျိုးတွင်၊ ကာယကံရှင်၏ သဘောတူညီချက်ရရှိပြီးပါက ဂရုဏာသက်သူအဖွဲ့အစည်းများ၊ ဌာနများထံသို့ (ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) စခန်းကော်မီတီ၊ ရှေ့နေများအသင်းနှင့် လူ့အခွင့်အရေးကော်မရှင်ရုံး) တိုင်ကြားအစီရင်ခံစာပေးပို့ခြင်းဖြင့် ၎င်းအဖွဲ့အစည်း၊ ဌာနများက ယင်းတို့၏လုပ်ပိုင်ခွင့်အာဏာဖြင့် အမှုကို တရားဝင်ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။ သို့သော်လည်း ဤအခြေအနေတွင် သူမအနေဖြင့် အခြားဖြစ်နိုင်ချေ၊ လုပ်နိုင်သော နည်းလမ်းများကိုလည်း ဆက်လက်ရှာဖွေလေ့လာနေပေသည်။

## အခန်း(၅) NGO နှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ။

**အားပေးပံ့ပိုးသူနှင့် အကျိုးလွှမ်းခံရသူမှ ဂရုဏာသက်သူ အဖွဲ့အစည်းများ၊ ဌာနများသို့ သတင်းပို့ခြင်းနှင့် အစီရင်ခံစာ တင်သွင်းခြင်း**

- *ရွှေ့ပြောင်းအလုပ်လုပ်သူအတွက်။*

(က) ထိုင်းနိုင်ငံရှေ့နေများအသင်းသို့ အမှုဖြစ်ရပ်အစီရင်ခံစာ အသေးစိတ်ပေးပို့ပေးခြင်း။

(ခ) ထိုင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ မှတ်တမ်းတင်အစီရင်ခံစာများတွင် ထည့်သွင်းနိုင်ရန် ကော်မရှင်သို့ တိုင်ကြားခြင်း။

- *စခန်းပြင်ပရှိ ဒုက္ခသည်များအတွက်။*

(ဂ) စခန်းကော်မီတီနှင့် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) သို့တိုင်ကြားအစီရင်ခံစာပို့ပေးခြင်း။

(ဃ) အကျိုးလွှမ်းခံရသူအားအကြောင်းကြားခြင်း၊ ဂရုဏာသက်သူ အဖွဲ့အစည်းများနှင့် အကျိုးလွှမ်းခံရသူတို့၏ နှစ်ဦးနှစ်ဖက်ကြား အပြန်အလှန် အကြောင်းကြားပေးခြင်း၊ အဆက်သွယ်ပြုလုပ်ပေးခြင်း။

(င) အရေးယူဆောင်ရွက်ချက်များ၊ အစီရင်ခံချက်၊ တိုင်ကြားချက်များအားလုံးကို လေ့လာစောင့်ကြည့်ခြင်း၊ မှတ်တမ်း တင်ခြင်း။

**ထိုင်းရှေ့နေများအသင်း၏ *အခန်းကဏ္ဍ။***

(က) အကျိုးလွှမ်းခံရသူအတွက် ရှေ့နေတစ်ဦးစီစဉ်ပေးခြင်း။

(ခ) NGOနှင့် အတူလိုက်ပါကာ ခရိုင်ဝန် / မြို့ဝန် ထံသို့ သွားရောက်၍ ၎င်းအမှု တွင်ပါဝင်ပတ်သက်သူများဖြစ်သော နစ်နာသူ၊ သက်သေများနှင့် ကူညီပံ့ပိုးပေးနေသော အဖွဲ့အစည်းများ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ပြောဆိုခြင်း။

(ဂ) ဒုက္ခသည်နှင့် ပတ်သက်သော အမှုမျိုး၌ ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) (Gender training) နှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အကျိုးလွှမ်းခံရသူအတွက် ဥပဒေအရ အဆင့်ဆင့်ဆောင်ရွက်နိုင်စေရန် လိုအပ်သော သတင်းအချက်အလက်များ ကိုပေးခြင်း။

***လူ့အခွင့်အရေးကော်မရှင်၏အခန်းကဏ္ဍ။***

(က) ဤအမှု၌ ပါဝင်ပတ်သက်နေသော အစိုးရဌာနများ၊ တာဝန်ရှိသူများ၏ လုပ်ဆောင်မှုများကိုစောင့်ကြည့် အကဲ ခတ်ခြင်း။

(ခ) အမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်ချက်များ၊ အစီရင်ခံချက်၊ တိုင်ကြားချက်များ၊ သက်သေအထောက် အထားအားလုံးကို နောက်နောင်အကျိုးဆောင်၊ အရေးဆိုသောလုပ်ငန်းများတွင် ဆက်လက်သုံးနိုင်ရန် လက်ခံရယူခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) သတင်း၊ စာနယ်ဇင်း၊ အသံလွှင့်ဌာနစသည်တို့၌ အကျိုးလွှမ်းခံရသူ၏ကိုယ်စားအရေးဆိုထောက်ခံပြောဆိုခြင်း။(အကယ်၍ အကျိုးလွှမ်းခံရသူက တောင်းခံလာပါက)

***ပါဝင်ဆောင်ရွက်သော ဌာနများ၊ အဖွဲ့အစည်းအားလုံး၏အခန်းကဏ္ဍ။***

(က) အမှုကိုအရေးယူဆောင်ရွက်ရာ၌ စီမံချက်များကို အစီအစဉ်တကျ ဝိုင်းဝန်းချမှတ်ရေးဆွဲပြီး၊ ပါဝင်ပတ်သက်နေသူ အားလုံး၊ မိမိလုပ်ဆောင်ရမည့် တာဝန်များ၊ အပိုင်းများကို ရှင်းလင်းစွာ အချက်အလက် ထုတ်နုတ်ထားရှိကာ၊ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခြင်း၊

***အကျိုးလွှမ်းခံရသူကာယကံရှင်။*** (က) သူမအနေဖြင့် ရှေ့ဆက်၍ မည်သို့သော အရေးယူလုပ်ဆောင်မှုမျိုးလုပ်လိုသည်ကို ဆုံးဖြတ်ရမည်။

| တွေ့ကြုံနိုင်ဘွယ်ရာရှိသော အခက်အခဲများနှင့် ပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| • ရပ်ကွက်လူကြီးများနှင့်င့်စခန်းကော်မီတီများမှာ အမျိုးသားများသာ ဖြစ်နေခြင်းကြောင့်၊ ယင်းတို့နှင့်ဆွေးနွေးရာတွင် အမျိုးသမီးများအနေဖြင့် စိတ်သက်တောင့်သက်သာ မဖြစ်ခြင်း၊ အကျူးလွန်ခံရသူ၏ဆန္ဒများကို အမှန်အတိုင်းထုတ်ဖော် ပြောဆိုရန် စေ့စပ်ဆွေးနွေးနိုင်သည့် ကျွမ်းကျင်မှုများ (သို့မဟုတ်) ဩဇာအာဏာ မရှိခြင်း။ | • အကျူးလွန်ခံရသူအပေါ် ဂရုဏာသက်မှုမပြသသော စခန်းကော်မီတီ (သို့မဟုတ်) အာဏာပိုင်အဖွဲ့အစည်းတို့ထံသို့ အထူးလေ့ကျင့်ထားသူများမှ သွားရောက် ဆွေးနွေးခြင်း။ |
| • စခန်းကော်မီတီလူကြီးများနှင့် ရပ်ကွက်လူကြီးများသည်ပြဿနာအမှုအခင်းများစွာကို ဖြေရှင်းနေရသည်ဖြစ်၍ အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်းကိစ္စကို ဦးစားပေးအရေးယူဆောင်ရွက်မည့်အနေအထားရှိချင်မှ ရှိမည်။ | • စခန်းကော်မီတီဝင်များနှင့် ရပ်ကွက်လူကြီးများတွင် အမျိုးသမီးအရေအတွက် များတိုးပွားလာစေရန်နှင့် စခန်းကော်မီတီ၌ အမျိုးသမီးများပါဝင်သည့် အခန်းကဏ္ဍ တိုးတက်လာစေရန် စခန်းကော်မီတီများနှင့် ရပ်ကွက်လူကြီးများ အတွက် လိင်ကွဲပြားမှုကြောင့် ခွဲခြားစွာမြင်သောအမြင်နှင့် ဆက်ဆံမှု အ ကြောင်း (Gender training) ကို အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြု လုပ်ခြင်း။ |
| • ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့်(UNHCR) လူ့အခွင့်အရေးကော်မရှင် တို့အနေဖြင့် အခင်းဖြစ်ပွားသောနေရာဒေသတွင်း ကာကွယ်စောင့်ရှောက်မှု ပေးနိုင် ရန်အခက်အခဲရှိနိုင်သည်။ အထူးသဖြင့် ၎င်းအဖွဲ့အစည်းများ ယင်းဒေသ၌ အမြဲတမ်းအခြေချ တည်ရှိမနေပါက ကာကွယ်စောင့်ရှောက်မှုကို အာမခံရန်ခက်ခဲသည်။ | |
| • ဂရုဏာသက်သောအဖွဲ့အစည်းများ၊ ဌာနများအနေဖြင့် အမှုနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်ပိုင် လုပ်ဆောင်လိုသည့် အစီအစဉ်များ ရှိကောင်းရှိနိုင်ပြီး၊ အမှုနှင့်ပတ်သက်၍ မျှော်လင့်ထားသော ပူးပေါင်းပါဝင်လုပ်ဆောင်မှုမရှိဘဲ ဖြစ်နေတတ်သည်။ | • ARM ကို မိတ်ဆက်ပေးခြင်းများ၊ ARM ကို အသုံးပြုရာတွင် တွေ့ကြုံရသည့်လိုအပ်ချက်များကို ARM တွင် အပြောင်းအလဲများလုပ်ခြင်း စသည်များလုပ်ဆောင်ရန် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်း၊ ဌာန၊ ပုဂ္ဂိုလ်များအားလုံးဆုံသော ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်း။ |
| • အမျိုးသမီးအဖွဲ့အစည်း၌ ၎င်းအမှု၏ ဖြစ်စဉ် အဆင့်ဆင့်ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန် ကျွမ်းကျင်မှုများ မရှိဖြစ်တတ်သည်။ | • အမျိုးသမီးအဖွဲ့အစည်းများအား စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများပေးခြင်း။ |
| • အကျူးလွန်ခံရသူသည် စိတ်ဝေဒနာရှင် (စိတ်ဖောက်ပြန်) ဖြစ်နေခြင်း၊ အရွယ်မရောက်သေးသော ကလေးတဦးဖြစ်ခြင်း၊ စိတ်ကရောက်ကရက်ဖြစ်နေခြင်း၊ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေခြင်း စသောအခြေအနေမျိုး၌ အကျူးလွန်ခံရသူအနေဖြင့် ဆုံးဖြတ်ချက်ပြုလုပ်နိုင်စွမ်း မရှိခြင်း၊ | • အကျူးလွန်ခံရသူသည် မည်ကဲ့သို့သော အနေအထား၌ရှိပါစေ မုဒိမ်းမှု ဖြစ်သောကြောင့် တရားရုံးကို အလိုအလျောက် အမှုကိုတင်၍တရားစွဲနိုင် သည်။ ဤအခြေအနေမျိုး၌ အကျူးလွန်ခံရသူနှင့်နီးစပ်သူ(သို့မဟုတ်) မောင်နှမသားချင်း ဆွေမျိုးများနှင့်တိုင်ပင်ဆွေးနွေးသင့်သည်။ ဆွေမျိုးသားချင်းများ အနေဖြင့် အကျူးလွန်ခံရသူဝေဒနာရှင် (သို့) ကလေးအား ဆက်လက်တာဝန်ယူ စောင့်ရှောက်သွားရန် စသည့် သဘောတူညီချက်များ ရရှိရန် ဖြစ်သည်။ |
| • တိုင်ကြားနေချိန်ကာလအတွင်း၌ သတင်းဌာနများ၊ စာနယ်ဇင်းသမားများထံသို့ ထိုသတင်းပေါက်ကြားသွားခြင်း။ | |

*ဥပဒေအရ အရေးယူရန် အကျူးလွန်ခံရသူကာယကံရှင်မှ ဆုံးဖြတ်ချက်မချမီတွင် သိရှိထားရမည့် အချက်အလက်များ။*

*အကယ်၍ သူမသည် ဒုက္ခသည်တဦးဖြစ်ပြီး မုဒိမ်းမှုသည် စခန်းထဲ၌ဖြစ်ပါက–*

- စခန်းကော်မီတီအနေဖြင့် ၎င်းအမှုအား မိမိတို့ရိုးရာဓလေ့ထုံးတမ်း ဥပဒေအရသာလျှင် အရေးယူဖြေရှင်းရန် ပို၍စိတ်အားထက်သန်မည်ဖြစ်သည်။
- ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) အနေဖြင့် ထိုင်းတရားရုံးဥပဒေအရ ဤအမှုကိုရုံး၌ဖြေရှင်းရန် ပို၍စိတ်အားထက်သန်မည်ဖြစ်သည်။
- အကယ်၍ ကျူးလွန်သူသည် ထိုင်းစစ်သားဖြစ်ခဲ့လျှင်သော်လည်းကောင်း ထိုင်းအာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်တဦးဖြစ်ခဲ့လျှင်သော်၎င်း ရဲဝန်ထမ်းတဦးဖြစ်လျှင်သော်၎င်း ဤအနေအထားမျိုး၌

  အမျိုးသမီးအဖွဲ့အစည်း၊ စခန်းကော်မီတီများနှင့် ဒုက္ခသည်များအပေါ် ခြိမ်းခြောက်မှုအန္တရာယ်များဖြစ်လာနိုင်သည်။
- အကျူးလွန်ခံရသူသည် အမှုကို တရားရုံး၌ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ တရားရုံးသို့ သွားရန်ခရီးသွားလက်မှတ်ထုတ်ပေးရမည်ဖြစ်ပြီး၊ အမှုပြီးဆုံးပြီးလျှင်လည်း စခန်းအတွင်း၌ ပြန်လည်နေထိုင်ခွင့်ရှိသည်။

**အကယ်၍အကျူးလွန်ခံရသူသည် ဒုက္ခသည်တဦးဖြစ်ပြီး၊ စခန်းဇရိယာသတ်မှတ်ချက် မီတာ ၂၀၀ ၏ အပြင်ဘက် ၌ မုဒိမ်းကျင့်ခံရပါက–**

- ဥပဒေအရ သူမသည် တရားမဝင် အလုပ်သမားအဖြစ် သတ်မှတ်ခြင်းခံရမည်။ သို့ရာတွင် စခန်း၏အနီးပတ်ဝန်းကျင်၌သာ မုဒိမ်းကျင့်ခံရပါက ရှေ့နေအနေဖြင့် အကျူးလွန်ခံရသူအမျိုးသမီးအား စခန်းတွင် ဆက်လက်နေထိုင်နိုင်စေရန် အထူးလျှောက်လဲချက်ပေးနိုင်သည်။
- အကယ်၍အကျူးလွန်ခံရသူအမျိုးသမီးသည် တရားဝင်လက်မှတ်တစ်ခုခုရှိသော ရွှေ့ပြောင်းသူဖြစ်ပါက (အလုပ်သမားဒ်၊ တောင်ပေါ်သားကဒ်၊ ထိုင်းအာဏာပိုင်မှ ထုတ်ပေးသော မည်သည့်ကဒ်မျိုးမဆို) ၎င်းအမှုကို တရားရုံး၌ တရားစွဲဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ၎င်း၏လက်မှတ်သက်တမ်းမကုန်မီကာလအတွင်း ဆက်လက်တရား ဝင်နေထိုင်ခွင့်ရှိသည်။ သို့သော်လည်း ထိုင်းနိုင်ငံတွင် မျက်မြင်သက်သေကို ကာကွယ်စောင့်ရှောက်ပေးသည့် အစီအစဉ်မရှိသောကြောင့် ၊ သူမ၏လုံခြုံရေးကို တာဝန်ယူရန် အခက်အခဲရှိသည်။
- အကယ်၍အကျူးလွန်ခံရသူအမျိုးသမီးသည် မည်သည့်အထောက်အထားစာရွက်စာတမ်းမျှမရှိသော ရွှေ့ပြောင်းသူဖြစ်ပါက အမှုကိုတရားရုံးသို့ စွဲတင်ရန်အခွင့်အရေး ရှိသော်လည်း အမှုဖြစ်နေစဉ်အတောအတွင်း သူမ၏တရားဝင်ဆက်လက်နေရေးအတွက် ထိုင်းဥပဒေ၌ ချွင်းချက်ဥပဒေများ မရှိချေ။ ဆိုလိုသည်မှာ၊ လက်ရှိဥပဒေအရ၊ သူမကို တရားမဝင်နေထိုင်သူအဖြစ် သတ်မှတ်၍ အချိန်မရွေး ဌာနေသို့ပြန်ပို့နိုင်သည်။ လတ်တလောတွင် NGO မှနေ၍အမျိုးသမီး၏လုံခြုံရေးကိုကာကွယ်စောင့်ရှောက်ရန်အတွက် (Trafficking MOU) လူကုန်ကူးခြင်းဆိုင်ရာ သဘောတူစာချုပ် အားဖြင့်သော်လည်းကောင်း၊ မူကြမ်းရေးဆွဲနေဆဲဖြစ်သော အလုပ်သမားဆိုင်ရာ သဘောတူစာချုပ် (Labour MOU) အနေဖြင့်သော်လည်းကောင်း တောင်းဆိုပေးနိုင်ပါသည်။ တရားရုံး၏စီရင်ချက်ပြီးဆုံးပါက လူဝင်မှုကြီးကြပ်ရေးဌာနမှ သူမအားနေရင်းနိုင်ငံသို့ ပြန်ပို့မည်ဖြစ်သည်။ သို့သော် ဌာနေပြန်ပို့စဉ်တွင် NGO မှ သူမကို မုဒိမ်းမှုကျူးလွန်သူမှ နောက်ထပ်လိုက်လံ နှောက်ယှက်ခြင်းကင်းဝေးစေရန် သိမ်မွေ့စွာ လေ့လာစောင့်ကြည့်ပေးမည်ဖြစ်သည်။

| အားနည်းကွာဟချက်/အခက်အခဲပြဿနာများ | လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ |
| --- | --- |
| | |

## အလိုအလျောက်တုံ့ပြန်ဆောင်ရွက်သည့်စနစ် (ARM)

- အဆင့် (၅) တွင် ပါဝင်သည့်အချက်များကို ဆွေးနွေးပြီးသည့်နောက်ပိုင်း၊
- အကျူးလွန်ခံရသူကာယကံရှင်က ဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်မည့် ဆန္ဒရှိပါက အဆင့် ၆ –အတိုင်း ဆက်လက်ဆောင်ရွက်ပါ။
- အကျူးလွန်ခံရသူကာယကံရှင်က သူမအနေဖြင့် ဥပဒေအရ ဆက်လက်အရေးယူလုပ်ဆောင်လိုသည့်ဆန္ဒမရှိပဲ – သူမသည်

(က) တိတ်ဆိတ်စွာဖြင့် ဘဝသစ်ကိုတည်ထောင်လိုခြင်း။

(ခ) မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားအလိုက်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကုစားခြင်းနှင့်ဖြစ်စေ (ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးမှုများကို ရယူခြင်း၊ ယောဂ လေ့ကျင့်ခန်းလုပ်ခြင်း၊) စသည် ဖြင့် မိမိစိတ်ခံစားမှု ဝေဒနာများအားကုစားလိုခြင်း။

(ဂ) အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို ဆန့်ကျင်သည့် စည်းရုံးလှုံ့ဆော်ပညာပေးသူတဦးဖြစ်လိုခြင်း။

(ဃ) မိမိခံစားခဲ့ရသော မုဒိမ်းမှုနှင့်ပတ်သက်သည့်အဖြစ်အပျက်ကို တနည်းတဖုံအားဖြင့် ထုတ်ဖော်ရန်၊ ဝတ္ထုရေးခြင်း၊ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊ အနုပညာများကိုဖန်တီးခြင်း၊ ပြဇာတ်ကကွက်များ ဖန်တီးခြင်းများကို လုပ်ဆောင်လိုခြင်း။

၎င်းဆုံးဖြတ်ချက်များသည် တခုချင်း တသီးတခြားစီ ဖြစ်နေသည့် ဆုံးဖြတ်ချက်များ မဟုတ်ပဲ သူမအနေဖြင့် တစ်ချိန်ထဲ အထက်ပါဖော်ပြချက်များထဲမှ တစ်ခုသို့မဟုတ်နှစ်ခုသို့မဟုတ် ယင်းထက်ပို၍ လုပ်ဆောင် လိုကောင်းလုပ်ဆောင်လိုလိမ့်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို လေးစားအသိအမှတ်ပြု၍ အားပေးကူညီမှု၊ ပံ့ပိုးမှုများပေးရမည်၊

| | အဆင့် (၆) | ဒုက္ခသည် (ထိုင်းဥပဒေအရ) | ရွှေ့ပြောင်းအလုပ်လုပ်သူ |
|---|---|---|---|
| | **အားပေးပံ့ပိုးသူနှင့် အကျူးလွန်ခံရသူမှ အမှုကိုရဲထံ သို့တိုင် ကြားခြင်း** | ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး ***(UNHCR)*** ၏ အခန်းကဏ္ဍ။<br>(က) အကျူးလွန်ခံရသူအား ရဲစခန်းသို့ပို့ဆောင်လွှဲအပ်ရန်နှင့် အဖော်အဖြစ် လိုက်ပါသွားရန်စီစဉ်ခြင်း။<br>(ခ) အကျူးလွန်ခံရသူကို ကူညီပံ့ပိုးခြင်းနှင့် ကိုယ်စားပြောဆို အကျိုးဆောင်ပေး ခြင်း။<br>(ဂ)အကျူးလွန်ခံရသူနှင့် သက်သေများအားလုံးအတွက် အသက်အန္တရာယ်နှင့် လုံခြုံရေးကာကွယ်စောင့်ရှောက်မှုကို သေချာစွာ ဆောက်ရွက်ခြင်း။<br>(ဃ) အကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာကူညီပံ့ပိုးခြင်းနှင့် အကြံပေးခြင်းတို့ကို ၎င်း*ARM* ၏လုပ်ငန်းစဉ် အဆင့်ဆင့်တိုင်း၌ စီမံ ဆောင်ရွက်ပေးခြင်း။<br>(င) ကျူးလွန်သူဟု အစွပ်စွဲခံရထားသူသည် ဒုက္ခသည်တဦး ဖြစ်နေပါက ၎င်းအား အထောက်အပံ့ နှင့် အကူအညီပေးခြင်း။<br>(စ) အကျူးလွန်ခံရသူ၏ လုံခြုံဘေးကင်းရေးနှင့် ကာကွယ် စောင့်ရှောက်ရေး တို့ကို စီစဉ်ခြင်း (နေရာထိုင်ခင်း/ အဝတ်အစား၊ အစားအစာ၊ အခြေခံလိုအပ်ချက်များ၊ လုံခြုံဘေးကင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး) | ***(NGO)***၏အခန်းကဏ္ဍ။<br>(က) အကျူးလွန်ခံရသူအား ရဲစခန်းသို့ပို့ဆောင်လွှဲအပ်ရန်နှင့် အဖော်ပြုလိုက်ပါ သွားရန် စီစဉ်ခြင်း။<br>(ခ) အကျူးလွန်ခံရသူကို ကူညီပံ့ပိုးခြင်းနှင့် ကိုယ်စားပြောဆိုအကျိုးဆောင်ပေး ခြင်း။<br>(ဂ) အကျူးလွန်ခံရသူနှင့် သက်သေများအားလုံး၏နှင့် လုံခြုံရေး၊ ကာကွယ်စောင့် ရှောက်ရေးကို သေချာအောင် ပြုလုပ်ခြင်း။<br>(ဃ) အကျူးလွန်ခံရသူကို ကူညီပံ့ပိုးခြင်းနှင့် ဥပဒေဆိုင်ရာအကြံပေးခြင်း တို့ကို *ARM* ၏ လုပ်ငန်းစဉ် အဆင့်ဆင့်တိုင်း၌ စီမံဆောင်ရွက်ပေးခြင်း။<br>(င) အကျူးလွန်ခံရသူအတွက် လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တို့ကို ဒေသခံလူမှုဖူလုံရေးဌာနနှင့် အတူ စီမံဆောင်ရွက်ခြင်း။<br><br>**လူမှုဖူလုံရေးဌာန၏အခန်းကဏ္ဍ။**<br>(က) အကျူးလွန်ခံရသူခေတ္တနားခိုနေထိုင်ရန်အတွက် လုံခြုံစိတ်ချမှုရှိသောနေရာ ကို အစိုးရအိမ်ယာ၌စီစဉ်ပေးခြင်း။ သို့မဟုတ် NGOနှင့်ဖြစ်စေ၊ သူမ၏ အုပ်ထိန်း သူ နှင့်ဖြစ်စေ နေနိုင်ရန်အတွက်စီစဉ်ပေးခြင်း |

| | | | |
|---|---|---|---|
| | | **ရဲ၏အခန်းကဏ္ဍ**<br>(က) လူတွေ့ စစ်ဆေးမေးမြန်းရန်အတွက် သီးသန့်နေရာတနေရာ ပြင်ဆင်ပြီး အမျိုးသမီးရဲဝန်ထမ်းတဦး၊ လူမှုဝန်ထမ်းတဦး၊ ဘာသာပြန်တဦးကို ပါရှိစေခြင်း။<br>(ခ) အကျူးလွန်ခံရသူကာယကံရှင်သည် အသက်(၁၈)နှစ်အောက် ဖြစ်ပါက လူမှုဝန်ထမ်းတစ်ဦး၊ အုပ်ထိန်းသူတစ်ဦး၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့် အကြံပေးသူ ပုဂ္ဂိုလ်တဦးပါ ရှိစေခြင်း။<br>(ဂ)အကျူးလွန်ခံရသူအား စစ်ဆေးမေးမြန်းရာတွင် ခင်မင်ရင်းနှီးစွာဖြင့် မေးမြန်းခြင်း။ ယုံကြည်စိတ်ချမှုရှိစေရန် လျှို့ဝှက်ချက်များကို စောင့်ထိန်းပေးခြင်း။<br>(ဃ) အကျူးလွန်ခံရသူအား တိုင်ကြားချက်ပုံစံတွင် ဖြည့်စွက်ထားသည်များကို သေချာစွာပြန်လည်၍ဖတ်ပြခြင်း၊ သူမအား ဘာသာပြန်ပေးရန်အတွက် အချိန်အလုံအလောက်ပေးခြင်း။<br>(င) အကျူးလွန်ခံရသူ၏ ဘေးကင်းရေး၊ လုံခြုံရေးများအတွက် စီမံပေးထားသည်များကို စစ်ဆေးခြင်းနှင့် ကာကွယ်စောင့်ရှောက်မှု များ အတွက် လိုအပ်သည်များ ရှိပါက ဖြည့်ဆီး စီစဉ်ဆောင်ရွက် ခြင်း။ | **ရဲ၏အခန်းကဏ္ဍ**<br>(က) လူတွေ့စစ်ဆေးမေးမြန်းရန်အတွက် သီးသန့်နေရာတနေရာပြင်ဆင်ပြီး၊ အမျိုးသမီး ရဲဝန်ထမ်းတဦး၊ လူမှုဝန်ထမ်းတဦး၊ ဘာသာပြန်တဦးပါ ရှိစေခြင်း။<br>(ခ) အကျူးလွန်ခံရသူ သည် အသက်(၁၈)နှစ်အောက်ဖြစ်ပါက အုပ်ထိန်းသူတဦး၊ လူမှုဝန်ထမ်းတဦးနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေး ပုဂ္ဂိုလ်တဦး ပါရှိစေခြင်း။<br>(ဂ)အကျူးလွန်ခံရသူအား စစ်ဆေးမေးမြန်းရာတွင် ခင်မင်ရင်းနှီးစွာဖြင့် မေးမြန်းခြင်း။ ယုံကြည်စိတ်ချမှုရှိစေရန် လျှို့ဝှက်ချက်များကို စောင့်ထိန်း ပေးခြင်း။<br>(ဃ) အကျူးလွန်ခံရသူအား တိုင်ကြားချက်ပုံစံတွင်ဖြည့်စွက်ထားသည်များကို သေချာစွာပြန်လည်၍ဖတ်ပြခြင်း၊ သူမအား ဘာသာပြန်ပေးရန် အတွက် အချိန်အလုံအလောက်ပေးခြင်း။<br>(င) အကျူးလွန်ခံရသူ၏ ဘေးကင်းရေး၊ လုံခြုံရေးများအတွက် စီမံပေး ထားသည်များကို စစ်ဆေးခြင်းနှင့် ကာကွယ်စောင့်ရှောက်မှု များ အတွက် လိုအပ်သည်များ ရှိပါက ဖြည့်ဆီး စီစဉ်ဆောင်ရွက်ခြင်း။ |

| ကြုံတွေ့နိုင်သော အခက်အခဲ ပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| • နယ်စပ်ရဲဌာနများ၌ အမျိုးသမီးရဲအရာရှိ အမြဲတမ်း မရှိနိုင်ခြင်း။ | • ရဲဌာနတိုင်း၌ အမျိုးသမီးရဲအရာရှိများရှိရန်နှင့် အထူးသဖြင့် နယ်စပ်ဒေသများတွင် အမျိုးသမီးရဲအရာရှိများထားရှိရန် တောင်းဆိုခြင်း။ |
| • ရဲဝန်ထမ်းသည် အကျူးလွန်ခံရသူကာယကံရှင်၏ ခံစားမှုကို လုံးဝနားလည်ပေးနိုင်စွမ်းမရှိသည့်အတွက် မေးမြန်းစစ်ဆေးရာ၌ လည်း ခံစားချက်များကိုထိခိုက်နာကျင်စေနိုင်သော မေးခွန်းများမေး ခြင်း။ | • ရဲဝန်ထမ်းများနှင့် အထူးသဖြင့်နယ်စပ်အခြေစိုက်ရဲဝန်ထမ်းများအား အမျိုးသမီး များ အပေါ် အကြမ်းဖက်မှုဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်သည့် သင်တန်းများပေးခြင်း။ |
| • ရဲဌာန၌ အကျူးလွန်ခံရသူအား မေးမြန်းရန် သီးသန့်အခန်းမရှိခြင်း။ | • ရဲဌာနများအားလုံး၌ အကြမ်းဖက်မှုခံရသော အမျိုးသမီးများ၊ ကလေးသူငယ်များကို လူတွေ့စစ်ဆေးမေး မြန်းရန်အတွက် အထူးသီးသန့်ခန်းများထားပေးရန် ဥပဒေအရ တရားဝင်တောင်းဆိုသည့် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအက်ဥပဒေကို လေ့လာ စောင့်ကြည့်ခြင်းများ၊ ယင်းကဲ့သို့သော ဥပဒေပြဋ္ဌာန်းရေးအတွက် အရေးဆို၊ လှုံ့ဆော်ခြင်း။ |
| • ရဲများက ဘာသာပြန်တဦး ရှိရန်လိုအပ်သည်ကို အလေးမထားခြင်း။ အချိန်ပေး၍ အကျူးလွန်ခံရသူအား ယင်း၏ ထွက်ဆိုချက် ပြန်လည် ဖတ်ပြမှု မရှိခြင်း။ | |
| • ဒုက္ခသည်စခန်းတွင် ဥပဒေများရှိသော်လည်း လက်တွေ့အားဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည်များမရှိခြင်း။ ဥပမာ အကျဉ်းထောင်မရှိခြင်း။ | |
| • အကျူးလွန်ခံရသူနှင့် သက်သေများ၏ လုံခြုံဘေးကင်းရေးကို အာမခံခြင်း။ | • အကျူးလွန်ခံရသူနှင့် သက်သေများအား ကာကွယ်စောင့်ရှောက်ရေးကို အမှန်တကယ် လုပ်ဆောင်မည်ဟူသည့် အာမခံချက်များ၊ တာဝန်ခံခြင်းများ ဖြစ်မြောက်လာရန် အမျိုးသမီးအဖွဲ့အစည်းများ၊ စခန်းကော်မီတီ၊ ဒုက္ခသည် ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR), NGOနှင့် ရဲဝန်ထမ်းများအကြား ဆက်သွယ်ဖလှယ်ဆွေးနွေးသည့်စည်းဝေးပွဲများပြုလုပ်ခြင်း။<br>• သက်သေများအားကာကွယ်စောင့်ရှောက်သည့်အက်ဥပဒေလုပ်ထုံးလုပ်နည်းများရှိလာစေရေး စည်းရုံးဆော်သြခြင်း။ |

**ဥပဒေတွင် ပါရှိသော အချက်များ။**

ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့်ဒုက္ခသည်များသည် အောက်ပါဥပဒေပါပြဋ္ဌာန်းချက် အခွင့်အရေးများကို ခံစားနိုင်သည်။

ထိုင်းပိုင်နက်နယ်မြေအတွင်း နေထိုင်သောသူအားလုံးမှန်သမျှ ထိုင်းဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။ မည်သူမဆို အကြမ်းဖက်ခံရခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ခံရခြင်း(သို့) ပြစ်မှုဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ကျူးလွန်ခြင်းများခံပါက အမှုဖွင့်၍ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

***မှုဒိမ်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း။***

- ရဲစခန်းသို့ သွားရောက်၍ တိုင်ချက်ဖွင့်ပါ။
- ဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းများ ရဲစခန်းသို့ယူဆောင်သွားပါ။
- အမှုဖြစ်ပွားပြီးပြီးချင်း အမြန်ဆုံးသွားပါ (သို့မဟုတ်) ၁–ရက်မှ ၂–ရက်အတွင်းသွားပါ။ မည်သို့ဖြစ်စေ အမှုဖြစ်ပွားပြီးအချိန်မှ ၃–လအတွင်းအမှုကို တိုင်ချက်ဖွင့်ပိုင်ခွင့်ရှိသည်။
    - ရဲဝန်ထမ်းမှ အကျူးလွန်ခံရသူအား မုဒိမ်းအမှုအခင်း နှင့် မုဒိမ်းပြုကျင့်သူ၏အကြောင်းကို မေးမြန်းလိမ့်မည်။
    - မျက်မြင်သက်သေများကလည်း ရဲစခန်းသို့သွားရောက်တိုင်ကြားနိုင်သည် (သို့မဟုတ်) သက်သေများထံသို့ ရဲကသွားရောက်၍ လူတွေ့မေးမြန်းသင့်မည်။
    - ရဲဝန်ထမ်းသည် မုဒိမ်းပြုကျင့်သူအား ဖမ်းဆီးခြင်း (သို့မဟုတ်) ယင်းအားဖမ်းဆီးရန် ဝရမ်းထုတ်ရမည်။
    - ရဲမှ ၎င်းအမှုကို ပြည်သူ့ အကျိုးဆောင်ရှေ့နေထံသို့ အပ်ရမည်။

**အကျူးလွန်ခံရသူ (သို့မဟုတ်) သက်သေအဖြစ်လိုက်ပါသူသည် အရွယ်မရောက်သေးသည့်(၁၈)နှစ်စ်အောက်ဖြစ်ပါက။**

- ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေပုဒ်မ ၁၃၃ အရ၊ ရဲဌာနအားလုံးတွင် အသက်(၁၈)နှစ်အောက်ရှိ အကျူးလွန်ခံရသူနှင့် သက်သေများအား လူတွေ့စစ်ဆေးမေးမြန်းချက် (စစ်ချက်)ယူရန် အထူးသီးသန့်အခန်းတခန်း ထားရှိရမည်။
- စစ်ချက်ယူချိန်အတောအတွင်း၊ ရဲအရာရှိနှင့် အတူ လူမှုဖူလုံရေးဌာနမှဝန်ထမ်းတဦး၊ ကလေးစိတ်ပညာရှင်တဦးနှင့် ပြည်သူ့အကျိုးဆောင်ရှေ့နေတို့ ရှိနေရမည်။ စစ်ချက်ယူသည့် ရဲအရာရှိသည့် အမျိုးသမီး ဖြစ်ပါက ပို၍သင့်တော်သည်။
- စစ်ချက်ယူနေစဉ်အတွင်း လုံခြုံမှုကိုပို၍သေချာစေရန်အတွက် စစ်ချက်ယူသည့်အခန်းသည် တဖက်မြင်မှန်ချပ်များတပ်ဆင်ထားသောအခန်း (သို့မဟုတ်))ဗီဒီယိုစက် (ရုပ်သံဖမ်းစက်) တတ်ဆင်ထားသော အခန်း ဖြစ်သင့်သည်။
- အကျူးလွန်ခံရသူမှ တရားလို (သို့မဟုတ်) သက်သေအနေဖြင့် မုဒိမ်းမှုကျူးလွန်သူ မည်သူမည်ဝါဖြစ်သည်ကို ညွှန်ပြရမည်ဆိုပါက ယင်း မုဒိမ်းမှုကျူးလွန်သူအား တဖက်မြင်မှန်၏ အခြားတဖက်တွင်ရပ်စေခြင်းဖြင့်သော်၎င်း၊ သို့မဟုတ် တခြားနည်းလမ်းများသုံး၍၊ အကျူးလွန်ခံရသူနှင့် မုဒိမ်းမှုကျူးလွန်သူတို့ တဦးနှင့်တဦး မျက်နှာချင်းဆိုင်တွေ့သည့် နေရာ မဖြစ်အောင် သေချာစွာ စီစဉ်ဆောင်ရွက်ရမည်။
- အကြမ်းဖက်ခံရသူကလေးသူငယ်အား ကျူးလွန်သူ(တရားခံ)နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရခြင်းမျိုးမဖြစ်အောင် ကာကွယ်စောင့်ရှောက်ရမည့်အပြင် ကလေး၏ စိတ်ခံစားချက်ကို ထိခိုက်စေနိုင်သောမေးခွန်းများ မေးခြင်းမျိုးမှလည်း ကာကွယ်ပေးရမည်။
- လိုအပ်သော အထောက်အကူပစ္စည်းများနှင့် ပြည့်စုံသောအခန်းမျိုးမရှိသေးပါက၊ သီးသန့်အခန်းတခုကို စီစဉ်၍ ယင်းအခန်းတွင် စစ်ချက်ယူသည့်အချိန်တွင် ရှိရမည့် သူများအတွက် စားပွဲ၊ ကုလားထိုင်များကို လိုအပ်သလို စီစဉ်ပြင်ဆင်ပေးရမည်။
- ရဲမှ စစ်ချက်အစီရင်ခံစာရေးသားမည်။
- တချို့သော အမှုများတွင် လျော်ကြေးပေး၍ကျေအေးသွားခြင်းမျိုးကို ရဲကလိုလားနိုင်သည်။ အကျူးလွန်ခံရသူတရားလိုအနေဖြင့် လျော်ကြေးငွေကိုလက်ခံပြီး အမှုကို ပိတ်လိုက ပိတ်နိုင်သည် (သို့မဟုတ်) လျော်ကြေးကို ငြင်းပယ်ပြီး အမှုကိုရုံးတင်တရားစွဲဆိုနိုင်သည်။

သို့သော် *အောက်ဖော်ပြပါအမှုမျိုး၌ လျော်ကြေးဖြင့်အမှုပြီးရန် ရဲဖက်ဆိုင်ရာမှ အကြံပြုခွင့်မရှိ။*

(က) မုဒိမ်းကျင့်ခံရသူသည် အသက် ၁၅ နှစ်အောက်၊ အရွယ်မရောက်သေးသူဖြစ်ခြင်း။

(ခ) မုဒိမ်းကျင့်ခံရသူသည် ထိခိုက်ဒဏ်ရာရရှိခြင်း (သို့မဟုတ်) သေဆုံးခြင်း။

(ဂ) မုဒိမ်းကျင့်သူ ၂– ဦးထက်ပို များသော အမှုဖြစ်ခြင်း။

(ဃ) မုဒိမ်းကျင့်သူ၌ သေနတ် (သို့မဟုတ်)ဗုံးပါရှိခဲ့ခြင်း။

(င) မုဒိမ်းကျင့်သူသည် အကျူးလွန်ခံရသူ၏ ဘခင်၊ အဘိုး (သို့မဟုတ်) ဆရာ ဖြစ်ခြင်း။

(စ) မုဒိမ်းမှုဖြစ်ပွားရာနေရာသည် အများပြည်သူ၏ မြင်ကွင်းနေရာမျိုး၊ လူရှေ့သူရှေ့တွင် ကျူးလွန်ခြင်း။

(ဆ) မုဒိမ်းမှုကျူးလွန်စဉ်ကာလသည် အကျူးလွန်ခံရသူမှာ မုဒိမ်းမှုကျူးလွန်သူ၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူနေသောကာလဖြစ်ခြင်း၊ (ဥပမာ အကျဉ်းထောင်ဝါဒါ၊ လုဝင်မှုကြီး ကြပ်ရေးအရာရှိ)

(ဇ) မုဒိမ်းမှုကျူးလွန်သူသည် အကျူးလွန်ခံရသူ၏ အုပ်ထိန်းသူဖြစ်ခြင်း (ဥပမာ– စိတ်ရောဂါသည်(နစ်နာသူ)အားစောင့်ရှောက်နေသူ)

*အမှုကို လျော်ကြေးပေး၊ ကျေအေးခြင်းဆိုင်ရာသိသင့်သည့် အချက်များ၊*

- မုဒိမ်းမှုသည် လျော်ကြေးပေး၍ကျေအေးနိုင်သော အမှုမျိုးဖြစ်ပါက၊ ရဲအနေဖြင့် မုဒိမ်းကျူးလွန်သူအား အမှုပြီးပြတ်သွားရန်အတွက် လျော်ကြေးပေး ဖြေရှင်းရန် ကမ်းလှမ်းနိုင်သည်။ အကျူးလွန်ခံရသူက လျော်ကြေးငွေကို လက်ခံနိုင်ပြီး၊ အမှုကိုပိတ်နိုင်သည် (သို့မဟုတ်)လျော်ကြေးကို လက်ခံရန် ငြင်းဆန်ပြီး၊ အမှုကို ရုံးတင်တရား စွဲနိုင်သည်။
- အကယ်၍အကျူးလွန်ခံရသူကလျော်ကြေးကို ကျေနပ်လက်ခံပါက သူမအနေဖြင့် ရဲက လျော်ကြေးပေး၍ကျေအေးကြောင်း၊ မှတ်တမ်းမရေးမီ၊ ငွေအားလုံးကို လက်ဝယ် ရရှိရမည်ဖြစ်သည်။ တွေ့ကြုံခဲ့ဘူးသောအမှုအခင်းများအရ၊ ရဲက ယင်း၏အစီရင်ခံစာမှတ်တမ်းတွင် အမျိုးသမီး အကျူးလွန်ခံရသူတို့၊ ဘတ်ငွေ ၅–သောင်း (၅၀၀၀၀ ဘတ်)လက်ခံရရှိကြောင်း ရေးသွင်းသော်လည်း၊ အမှန်တကယ်အားဖြင့်၊ အကျူးလွန်ခံရသူတို့ဘက်မှ ဘတ်ငွေ ၁–သောင်းတိတိသာ လက်ခံရရှိခဲ့ခြင်းများ ရှိခဲ့ဘူးသည်။
- လျော်ကြေးဖြင့်ကျေအေးသောအမှုမျိုး၌ အကျူးလွန်ခံရသူနှင့်အတူ အကျိုးဆောင်သည့်ရှေ့နေရှေ့မှောက်၌ ဆောင်ရွက်မည်ဟု တတ်အပ်မျှော်လင့်ထား၍မရချေ။ သို့ကြောင့် လုပ်သင့် လုပ်ထိုက်သည်မှာ ဆွေးနွေးညှိနှိုင်းရာတွင်အကျူးလွန်ခံရသူဘက်မှ ကူညီပြောပေးနိုင်မည့် ဥပဒေလက်ထောက်တဦး၊ ဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) (သို့မဟုတ်) NGO ဝန်ထမ်းတဦးဦးတို့ ပါရှိသင့်သည်။

*အမှုကို တရားရုံး၌ တရားစွဲဆိုခြင်း*

မုဒိမ်းမှုကို ရုံးတင်စစ်ဆေးရာတွင် အမှုစစ်ဆေးစဉ်ကာလမှာ ၁–နှစ်မှ ၂–နှစ်တိုင်အောင်ကြာတတ်သည်။

- အကယ်၍မုဒိမ်းမှုတခု ရုံးတင်စစ်ဆေးပြီးဆိုပါက အကျူးလွန်ခံရသူအနေဖြင့် ထိုင်းနိုင်ငံ၌နေထိုင်ပြီး၊ အမှုကိုရင်ဆိုင်ရန် လိုအပ်သည်။ အကယ်၍သူမသည် စခန်းတွင်းရှိ ဒုက္ခသည်ဖြစ်ပါက ဒုက္ခသည်စခန်း၌ နေထိုင်နိုင်သည်။
- အကယ်၍သူမသည် တရားဝင်မှတ်ပုံတင်ထားသောရွှေ့ပြောင်းအလုပ်လုပ်သူဖြစ်ပါက ဆက်လက်အလုပ်လုပ်ကိုင်နိုင်ပြီး၊ သူမအလုပ်လုပ်ကိုင်ရာ နေရာဌာန၌ ဆက်လက်နေထိုင်နိုင်သည်။
- အကယ်၍ သူမသည် တရားမဝင်ရွှေ့ပြောင်းအလုပ်လုပ်သူဖြစ်ပါက သူမနေထိုင်နိုင်ရန်၊ လူမှုဖူလုံရေးဌာနနှင့်သော်လည်းကောင်း၊ NGO တဖွဲ့ဖွဲ့နှင့် သော်လည်းကောင်း နေထိုင်နိုင်ရန် လူမှုဖူလုံရေးဌာန၏ သဘောတူညီချက်နှင့် စီစဉ်နိုင်သည်။

*လျော်ကြေးဖြင့် ကျေအေးပြီးနောက်ပိုင်း (သို့မဟုတ်) လျော်ကြေးပေးခြင်းအားဖြင့် အမှုကျေအေးရန် ဆွေးနွေးသည့်ကာလ ပြီးဆုံးလျှင်–*

- အကယ်၍အကျူးလွန်ခံရသူသည် တရားမဝင်လာရောက်နေထိုင်အလုပ်လုပ်သူဖြစ်ပါက သူမအား နေရင်းနိုင်ငံ ပြန်ပို့မည်ဖြစ်သည်။
- အကယ်၍အကျူးလွန်ခံရသူသည် ဒုက္ခသည်ဖြစ်ပါက ဒုက္ခသည်စခန်းအတွင်း၌ ဆက်လက်နေထိုင်နိုင်သည်။
- အကယ်၍အကျူးလွန်ခံရသူသည် ဒုက္ခသည်ဖြစ်ပြီး စခန်းအပြင်ဘက်မီတာ ၂၀၀–ထက်ပိုသောအကွာအဝေး၌ အမှုဖြစ်ပွားပါက နေရင်းနိုင်ငံသို့ ပြန်ပို့ခံရလိမ့်မည်။ သို့သော်လည်း ဒုက္ခသည်စခန်းသို့ ပြန်လည်နေထိုင်ရန်ခွင့်ရရန်၊ လူ့အခွင့်အရေးအဖွဲ့များနှင့် ဆက်သွယ်အကူအညီ တောင်းနိုင်သည်။

| အားနည်းကွာဟချက်/အခက်အခဲပြဿနာများ | လုပ်ဆောင်နိုင်သော ဆောင်ရွက်ခြင်းများ |
| --- | --- |
| | |

| | **အခန်း (၇)** | **ဒုက္ခသည်များအတွက်** | **ရွှေ့ပြောင်းနေထိုင်သူများအတွက်** |
|---|---|---|---|
| | **အမှုအတွက် ရဲများနှင့် ဆက်လက်၍ဆက်သွယ် ဆောင်ရွက်ခြင်း** | **ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးများရုံး၏အခန်းကဏ္ဍ။**<br>(က) ရဲနှင့်တရားရုံးတို့၏ ဥပဒေအရဆောင်ရွက်အရေးယူမှုတို့ကို စောင့်ကြည့်အကဲခတ်ခြင်း၊ အမှုရက်ချိန်းကြန့်ကြာမှုရှိ – မရှိ။ နှင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုဖြစ်မဖြစ် သေချာအောင် ဆောင်ရွက်ခြင်း။<br>(ခ) ရဲနှင့်အမျိုးသမီးအဖွဲ့အစည်း၊ စခန်းကော်မီတီတို့၏ အကြားတွင် အဆင်ပြေရန်လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ပေးခြင်း။<br>(ဂ) လျော်ကြေး(သို့မဟုတ်) နစ်နာကြေးနှင့်အမှုကျေအေးရန် ရှိပါက အကျူးလွန်ခံရသူ၏ အဖေါ်အဖြစ်လိုက်ပါပြီး၊ လိုအပ်သမျှကို လိုက်လံဆောင်ရွက်ပေးခြင်း၊ လျော်ကြေးနှင့် ကျေအေးရန်ကိစ္စ၌ တရား မျှတမှုရှိစေရန်နှင့်၊ ထိုက်သင့်သောလျော်ကြေးရရန် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။<br>(ဃ)တရားစီရင်ရာတွင် မျှတမှုမရှိခြင်း၊ ခြိမ်းခြောက်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်း စသည်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို သက်ဆိုင်ရာသို့တိုင်ကြားအစီရင်ခံခြင်း။<br><br>**ရဲများ၏အခန်းကဏ္ဍ**<br>(က) အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးခြင်း၊ သက်သေအထောက်အထားများကို စုဆောင်းခြင်း။<br>(ခ) သက်သေများကို လူတွေ့စစ်ဆေးမေးမြန်းခြင်းနှင့်လိုအပ်ပါက ဘာသာပြန် ခေါ်၍ ဘာသာပြန်စေခြင်း။<br>(ဂ) တရားခံကို ဖမ်းဆီးခြင်း။<br>(ဃ) မျှတမှုရှိသော တရားစီရင်ရေးစနစ်ဖြင့် ဥပဒေအတိုင်းအဆင့်ဆင့် ဆောင်ရွက်ခြင်း။<br>(င) လျော်ကြေးပေးရန် ကမ်းလှမ်းသည့် အမှုများတွင် ရဲများမှ အနေဖြင့် ထိုဆွေးနွေးညှိနှိုင်းမှုတွင်ကြားဝင်ဖြန်ဖြေသူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။ | **ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အခန်းကဏ္ဍ။**<br>(က) ရဲနှင့်တရားရုံးတို့၏ ဥပဒေအရဆောင်ရွက်အရေးယူမှုတို့ကို စောင့်ကြည့်အကဲခတ်ခြင်း၊ အမှုရက်ချိန်းကြန့်ကြာမှုရှိ – မရှိ။ နှင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုဖြစ်မဖြစ် သေချာအောင် ဆောင်ရွက်ခြင်း။<br>(ခ) ရဲနှင့်အမျိုးသမီးအဖွဲ့အစည်း၊ စခန်းကော်မီတီတို့၏ အကြားတွင် အဆင်ပြေရန်လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ပေးခြင်း။<br>(ဂ) လျော်ကြေး(သို့မဟုတ်) နစ်နာကြေးနှင့်အမှုကျေအေးရန်ရှိပါက အကျူးလွန်ခံရသူ၏အဖေါ်အဖြစ်လိုက်ပါပြီး၊ လိုအပ်သမျှကို လိုက်လံဆောင်ရွက်ပေးခြင်း၊ လျော်ကြေးနှင့် ကျေအေးရန်ကိစ္စ၌ တရား မျှတမှုရှိစေရန်နှင့်၊ ထိုက်သင့်သောလျော်ကြေးရရန် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။<br>(ဃ)တရားစီရင်ရာတွင် မျှတမှုမရှိခြင်း၊ ခြိမ်းခြောက်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်း စသည်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို သက်ဆိုင်ရာသို့တိုင်ကြားအစီရင်ခံခြင်း။<br><br>**ရဲများ၏အခန်းကဏ္ဍ**<br>(က) အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးခြင်း၊ သက်သေ အထောက်အထားများကို စုဆောင်းခြင်း။<br>(ခ) သက်သေများကို လူတွေ့စစ်ဆေးမေးမြန်းခြင်းနှင့်လိုအပ်ပါက ဘာသာပြန် ခေါ်၍ ဘာသာပြန်စေခြင်း။<br>(ဂ) တရားခံကို ဖမ်းဆီးခြင်း။<br>(ဃ) မျှတမှုရှိသော တရားစီရင်ရေးစနစ်ဖြင့် ဥပဒေအတိုင်းအဆင့်ဆင့် ဆောင်ရွက်ခြင်း။<br>(င) လျော်ကြေးပေးရန် ကမ်းလှမ်းသည့် အမှုများတွင် ရဲများမှ အနေဖြင့် ထိုဆွေးနွေးညှိနှိုင်းမှုတွင်ကြားဝင်ဖြန်ဖြေသူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။ |

| ကြုံတွေ့နိုင်သော အခက်အခဲ ပြဿနာများ | ဆောင်ရွက်သင့်သည့် အရေးယူဆောင်ရွက်မှု အစီအစဉ်များ |
|---|---|
| သက်သေအနေဖြင့် ရဲအားတိုင်ကြားရန် ကြောက်လန့်နိုင်သည်။ | |
| လာဘ်စားခြင်း– ရဲအား မှုဒိမ်းမှုကျူးလွန်သူ သို့မဟုတ် (၎င်း)၏ မိသားစုက လာဘ်ထိုးနိုင်သည်။ (လာဘ်ငွေ) | ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)နှင့် NGOအဖွဲ့အစည်းများအနေဖြင့် တက်ကြွသော အခန်းကဏ္ဍမှနေ၍ ရဲများ၏ဆောင်ရွက်ချက်များကို မျက်ခြေမပြတ် စောင့်ကြည့်အကဲခတ်ပြီး အဂတိလိုက်စားသည်ဟုသံသယရှိသော မည်သည့်အမှုမျိုး ကိုမဆို ထိုင်းအစိုးရ၏ အဂတိလိုက်စားမှု နှိမ်နင်းခြင်း ဆိုင်ရာဦးစီးဌာနသို့ တိုင်ကြားနိုင်သည်။ |
| ရဲများ၏အပိုင်းမှ လိုက်ပါဆောင်ရွက်ရန်အားနည်းခြင်း။ ခွဲခြားဆက်ဆံရခြင်း (လိင်ကွဲပြားမှုကြောင့်ခွဲခြားစွာမြင်သောအမြင်နှင့် ဆက်ဆံမှု (Gender)၊ အဆင့်အတန်း ခွဲခြားခြင်း၊ နိုင်ငံခြားသားကို မနှစ်မြို့ခြင်း စသည်များကြောင့်) | ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် NGOအဖွဲ့များအနေဖြင့် တက်တက် ကြွကြွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရဲ၏ ခွဲခြားဆက်ဆံသည့် မည်သည့်အမှုကိုမဆို လူ့အခွင့်အရေး ကော်မီရှင်သို့ တိုင်ကြားနိုင်သည်။ |
| ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် အမျိုးသမီးအဖွဲ့အစည်းများ အကြား နီးနီးကပ်ကပ် ဆက်သွယ်မှုများ မရှိခြင်း။ | အမျိုးသမီးအဖွဲ့အစည်းများနှင့် ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)တို့ အစီအစဉ်များကို အတူတကွ ရေးဆွဲ ချမှတ် လုပ်ဆောင်ခြင်း။ |
| ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် လျော်ကြေးငွေကို သယ်ဆောင် ရာ၌ အခက်အခဲရှိခြင်းနှင့် အန္တရာယ်ရှိခြင်း။ ယင်းတို့အဖို့ ငွေအပ်နှံရန် ဘဏ်စာရင်း မဖွင့်နိုင်ခြင်းကြောင့်၊ ငွေကို လုံခြုံစွာသိမ်းဆည်းထားရန် နေရာမရှိခြင်း။ | ရွှေ့ပြောင်းအလုပ်လုပ်သူများနှင့် ဒုက္ခသည်များအနေဖြင့် ဘဏ်ငွေစာရင်းဖွင့်နိုင်ရန် အရေးကို လှုံ့ဆော်ပေးခြင်း။ |

| | အဆင့် (၈) | ဒုက္ခသည်အမှု( ထိုင်းဥပဒေအရ) | ရွှေ့ပြောင်းနေထိုင်သူ |
|---|---|---|---|
| | **တရားရုံး၌ အမှုကိုစွဲချက်တင်ရန် စောင့်ဆိုင်းခြင်း** | ***အမျိုးသမီးအဖွဲ့ အစည်းများ၏အခန်းကဏ္ဍ။***<br>(က) စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးခြင်းနှင့် ကူညီအားပေးခြင်းများ အစဉ်မပြတ်ပေးနေခြင်း။<br>(ခ) အကျူးလွန်ခံရသူ၏ ဆုံးဖြတ်ချက်များကို အားပေးထောက်ခံခြင်း။<br>(ဂ)အကျူးလွန်ခံရသူအတွက် သူမအား၊ အားပေးကူညီထောက်ခံသည့် ဝန်းကျင်အခြေအနေတစ်ခု ဖန်တီးပေးခြင်း။<br>(ဃ) အကျူးလွန်ခံရသူများကို အနီးကပ်ပြု စုစောင့်ရှောက်မည့်သူ များကို စီစဉ်ဆောင်ရွက်ခြင်း။<br><br>***စခန်းကော်မီတီအခန်းကဏ္ဍ***<br>(က) အကျူးလွန်ခံရသူ၏ဝန်းကျင်အသိုင်းအဝိုင်းအား အမှုနှင့် ပတ်သက်၍ နားလည်သဘောပေါက်စာနာမှုများ ဖြစ်လာရန် လုပ်ဆောင် ပေးခြင်း။<br>(ခ) လုံခြုံရေးကို ထိပါးသည့် မည်သည့်ခြိမ်းခြောက်မှုမဆို ဒုက္ခသည် ဆိုင်ရာ မဟာမင်းကြီးရုံးထံသို့ တိုင်ကြားခြင်း။<br><br>***ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏အခန်းကဏ္ဍ။***<br>(က) အကျူးလွန်ခံရသူအတွက် ရှေ့နေနှင့်တွေ့ဆုံရန်စီစဉ်ခြင်း။<br>(ခ) ဘာသာပြန် ရှာပေးခြင်း။<br><br>***ရှေ့နေ၏အခန်းကဏ္ဍ။***<br>(က) အကျူးလွန်ခံရသူအား တရားရုံးတွင်အမှုစီရင်ပုံ၊ လုပ်ထုံး လုပ်နည်း များကို အစမှအဆုံးထိ ရှင်းပြခြင်း။<br>(ခ) အကျူးလွန်ခံရသူအား တရားခွင်၌ ရှိနေမည့်ပုဂ္ဂိုလ်များနှင့် ယင်းတို့၏ ရာထူးများနှင့် အကျွမ်းတဝင်ဖြစ်အောင်ရှင်းပြခြင်း၊<br>(ဂ) ဖြစ်နိုင်ချေရှိသည့် သက်ရောက်မှုများ၊ အကုန် ရှင်းပြထားခြင်း။<br>(ဃ) အကျူးလွန်ခံရသူ၌ ဆုံးဖြတ်ချက်ပြောင်းခြင်း၊ စိတ်ပြောင်း ခြင်းများ အချိန်မရွေးဖြစ်လာနိုင်ကြောင်းကို မိမိစိတ်ထဲ၌အဆင်သင့် ပြင်ထားခြင်း။ | *NGO နှင့်အမျိုးသမီးအဖွဲ့ အစည်း၏အခန်းကဏ္ဍ။*<br>(က) စိတ်ပိုင်းဆိုင်ရာအရအကြံပေးခြင်းနှင့် ဆက်လက်ကူညီထောက်ပံ့ခြင်း။<br>(ခ) အကျူးလွန်ခံရသူကာယကံရှင်၏ ဆုံးဖြတ်ချက်အပေါ် လိုအပ်သလို ကူညီပံ့ပိုးခြင်း။<br>(ဂ)အကျူးလွန်ခံရသူ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းသည် သူမအတွက်အထောက်အပံ့ဖြစ်စေသော၊ နားလည်စာနာ ကူညီပေးသော ပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက် ခြင်း။<br>(ဃ) အကျူးလွန်ခံရသူကာယကံရှင်များကို ပြုစုစောင့်ရှောက်ရန် အတွက် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပါ။<br>(င) အကျူးလွန်ခံရသူအား ရှေ့နေနှင့်တွေ့ဆုံနိုင်ရန်အတွက် စီစဉ်ပေးပါ။<br>(စ) ဘာသာပြန်နိုင်သူအား ရှာဖွေပေးပါ။<br><br>*ရှေ့နေ၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူအား တရားရုံး၏အမှုစီရင်ပုံကို အစမှအဆုံး ရှင်းပြခြင်း။<br>(ခ) အကျူးလွန်ခံရသူနှင့် တရားရုံးသို့လာရောက်ထွက်ဆိုမည့်သူ များကို တရားခွင်နှင့်ကျွမ်းဝင်မှုရှိစေခြင်း။<br>(ဂ) ဖြစ်နိုင်ချေရှိသော အခြေအနေအကျိုးသက်ရောက်မှုများကို ရှင်းပြထားခြင်း။<br>(ဃ) အကျူးလွန်ခံရသူ၌ ဆုံးဖြတ်ချက်သော်၎င်း အတွေးအခေါ် တစုံတရာ ပြောင်းလဲမှုဖြစ်ပေါ်ပါက သူမအတွက်ပြုလုပ်ပေးရန် အဆင်သင့် ဖြစ်ခြင်း။ |

| တွေ့ကြုံနိုင်ဘွယ်ရာရှိသော အခက်အခဲများနှင့် ပြဿနာများ | အကြံပြုလိုသော ဆောင်ရွက်မှုများ |
|---|---|
| အမှုတွင်ပါဝင်ပတ်သက်ဆုံးဖြတ်မည့်သူ ကိုယ်စားလှယ်များပို၍ ပါဝင်လာကြခြင်းကြောင့်–<br>(က) ၎င်းတို့အချင်းချင်းကြား၊ ဆက်သွယ်ရေးနှင့်ညှိနှိုင်းဆောင်ရွက်ရေးများ ပို၍ရှုပ် ထွေးမှုရှိလာခြင်း။<br>(ခ) အကျူးလွန်ခံရသူ၏ လိုလားချက်ဆန္ဒများအပေါ် နားထောင်ပေးရန် (သို့မဟုတ်) အရေးစိုက်ရန် ပျက်ကွက်လာနိုင်ခြင်း | အမျိုးသမီးအဖွဲ့အစည်းအား အကျူးလွန်ခံရသူ၏အနီးစပ်ဆုံးအဖွဲ့အစည်းအဖြစ် အကျူးလွန်ခံရသူ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်ခြင်းများကို ဦးဆောင်အရေးဆို၊ ပြောဆိုပေးသော ကဏ္ဍကို ပေးပါ။ |
| အမျိုးသမီးအဖွဲ့အစည်းအနေဖြင့် လုံခြုံသောနေရာထိုင်ခင်း စီမံမပေးနိုင်ခြင်း | အကျူးလွန်ခံရသူအတွက် လုံခြုံဘေးကင်းသောနေရာထိုင်ခင်းကို အတူတကွပူး ပေါင်းဆောင်ရွက်ခြင်းများအားဖြင့် စီမံပေးပါ။ |

| အဆင့် (၃) | ဒုက္ခသည်အမှု( ထိုင်းဥပဒေအရ) | ရွှေ့ပြောင်းနေထိုင်သူအလုပ်လုပ်သူ |
|---|---|---|
| တရားရုံး၌ အမှုရင်ဆိုင်ခြင်း | *အမျိုးသမီးအဖွဲ့ အစည်းများ၏အခန်းကဏ္ဍ*<br>(က) NGO(သို့) ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR) သို့ အကျူးလွန်ခံရသူနှင့်သက်သေများအတွက် အမှန်တကယ် အသုံးလို သော ပစ္စည်းများအတွက်အကြောင်းကြားအသိပေးခြင်း။ (ဥပမာအအ စားအစာ၊ နေရာထိုင်ခင်း၊ အဝတ်အထည်စသဖြင့်)<br>(ခ)ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)အစီအစဉ်ဖြင့် အကျူး လွန်ခံရသူအား တရားရုံးသို့ သယ်ယူပို့ဆောင်ခြင်း။<br>(ဂ) စိတ်ဓါတ်ရေးဆိုင်ရာထောက်ခံအားပေးခြင်း။<br><br>*ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူနှင့် သက်သေတို့အတွက် အသုံးလိုသော ပစ္စည်းများ စီမံပေးခြင်း။<br>(ခ) သယ်ယူပို့ဆောင်ရေးအတွက်ဆောင်ရွက်ပေးခြင်း။<br>(ဂ) ရဲ့နေနှင့်အမျိုးသမီးအဖွဲ့အစည်း ၂-ဖက်ကြားတွင် ဆက်သွယ် ဆောင် ရွက်ပေးခြင်း။<br>(ဃ) ဘာသာပြန်သူနှင့် ၎င်းတို့သယ်ယူပို့ဆောင်ရေးတို့ကို စီမံပေးခြင်း။<br>(င) တရာရုံးသို့ သွားရာ၌ အဖော်အဖြစ်လိုက်ပါပေးခြင်း။<br><br>*ရှေ့နေ၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူကာယကံရှင်၏ ကိုယ်စားလှယ်အဖြစ် တရားရုံး၌ ဆောင်ရွက်ပေးခြင်း။<br>(ခ) အကျူးလွန်ခံရသူနှင့် လိုက်ပါသူများအားလုံးတို့ကိုတရားရုံး၌ ဆောင်ရွက် မှုအဆင်ဆင့်ရုံး၏လုပ်ထုံး တို့ကို ရှင်းပြခြင်း။<br>(ဂ) တရားရုံးနှင့် ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးတို့ကြား ဆက် သွယ် ဆောင်ရွက်ပေးခြင်း။ | *NGO ၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူနှင့် သက်သေများအတွက် လိုအပ်သော ပစ္စည်းများ စီမံပေးခြင်း (အစားအစာ၊ နေရာထိုင်ခင်း၊ အဝတ် အ ထည်စသဖြင့် )<br>(ခ) တရားရုံးသို့ အကျူးလွန်ခံရသူအား အကြိုအပို့ကို တာဝန်ယူ ဆောင်ရွက်ခြင်း။<br>(ဂ) ရှေ့နေနှင့် အမျိုးသမီးအဖွဲ့အစည်းအကြား၌ လိုအပ်သလို ဆက် သွယ်ဆောင်ရွက်ခြင်း။<br>(ဃ) ဘာသာပြန်အတွက် အကြိုအပို့ကို စီမံဆောင်ရွက်ခြင်း (တရားရုံးမှ ဘာသာပြန်အတွက်ကျခံရန်)<br>(င) တရားရုံးသို့သွားရာ၌ အဖော်လိုက်ပါခြင်း။<br><br>*ရှေ့နေ၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူကာယကံရှင်၏ ကိုယ်စားလှယ်အဖြစ် တရား ရုံး၌ ဆောင်ရွက်ပေးခြင်း။<br>(ခ) အကျူးလွန်ခံရသူနှင့် လိုက်ပါသူများအားလုံးတို့ကို တရားရုံး၌ ဆောင်ရွက်ပုံအဆင့်ဆင့် ( ရုံးလုပ်ထုံးလုပ်နည်း )တို့ကို ရှင်းပြခြင်း။<br>(ဂ) တရားရုံးနှင့် (NGO)အကြားလိုအပ်သလို ဆက်သွယ်ဆောင် ရွက်ခြင်း။ |

| အခက်အခဲပြဿနာများ | အကြံပြုချက်များ |
| --- | --- |
| အမျိုးသမီးအဖွဲ့အစည်းများမှ အများစုမှာ ထိုင်းဘာသာစကားကို မကျွမ်းကျင်သည့် အပြင် တရားမဝင်နေထိုင်သူများဖြစ်သောကြောင့်၊ အကျုံးလွန်ခံရသူအမျိုးသမီးကို အားပေးရန် တရားရုံးသို့သွားရာတွင် လိုက်ပါနိုင်သည့် အဖွဲ့ဝင်လောက်သာ ရှိခြင်း။ | အမှုအတွက်လိုက်ပါကူညီပေးမည့် စေတနာ့ဝန်ထမ်းတရားဖတ်ရှေ့နေ ရွှေ့ပြောင်း နေထိုင်သူများအား ယာယီတရားဝင်အနေအထားတစ်ခုရရှိရန်နှင့် လုံ့ဆော်စည်းရုံးခြင်း။ ယင်းတို့အား ထိုင်းစကားပြောသင်တန်းများ ဖွင့်လှစ်ပေးခြင်း။ |

| | အဆင့် ( ၁၀ ) | ထိုင်းဥပဒေကြောင်းနှင့် အရေးယူသည့်ဒုက္ခသည် | ရွှေ့ပြောင်းအလုပ်လုပ်သူများ |
|---|---|---|---|
| | စီရင်ချက်ချမှတ်ပြီးစီးခြင်း | *ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏အခန်းကဏ္ဍ။*<br>(က) လျော်ကြေးဖြင့် ကျေအေးသောအမှုမျိုးတွင် အကျူးလွန်ခံရသူအတွက် လျော်ကြေးငွေရရှိရန် စီမံဆောင်ရွက်ပေးခြင်း။<br>(ခ) တရားရုံး၏ အမှုကြားနာစစ်ဆေးခြင်းအဆင့်ဆင့်ကို အသေးစိတ်အစီရင်ခံစာရေးသားခြင်း။<br><br>*အမျိုးသမီးအဖွဲ့ အစည်းများ၏အခန်းကဏ္ဍ*<br>(က) အမှုကြားနာစစ်ဆေးခြင်းအဆင့်ဆင့်ကို မှတ်တမ်းတင်ခြင်း။<br>(ခ) အကျူးလွန်ခံရသူ လျော်ကြေးငွေအသေအချာ လက်ခံရရှိရေးအတွက် ဒုက္ခသည်မဟာမင်းကြီးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လက်ခံရရှိပါကလည်း သဘောတူညီချက်အရ မှန်ကန်သော သတ်မှတ်ထားသော တန်ဖိုး ရှိ၊မရှိကို သေချာအောင်စီမံခြင်း။<br>(ဂ)မိမိအဖွဲ့ အစည်းအား အကျူးလွန်ခံရသူအတွက် လိုအပ်သော စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးခြင်း၊ အားပေးခြင်း လုံ့ဆော်စည်းရုံးပေးခြင်း၊ ကူညီပံ့ပိုးပေးခြင်း စသည်တို့ကို အချိန်တိုင်း အဆင်သင့်ဖြစ်နေစေခြင်း။<br>(ဃ) မှတ်တမ်းတင်ထားချက်များအား မည်ကဲ့သို့ အသုံးချမည်ကို အကျူးလွန်ခံရသူ နှင့် တိုင်ပင်ဆွေးနွေးထားခြင်း။<br>(င) တရားရုံး၏ အမှုစီရင်ချက်၌ အမှုရှုံးပါက ( အမှုကို ပလပ်ခြင်း) အကျူးလွန်ခံရသူ နှင့် ဆွေးနွေးတိုင်ပင်၍ အခြားသင့်တော် သော နည်းလမ်းများကို ရှာခြင်း၊ မီဒီယာသတင်းနှင့် စာနယ်ဇင်းတို့ကို ဆက်သွယ်ခြင်း၊ ကန့်ကွက်စာများ တင်သွင်းခြင်း စသည်တို့ ဆောင်ရွက်ခြင်း။<br>(စ) တရားရုံး၏စီရင်ချက်မိတ္တူကို နောက်လာမည့်အမှုများတွင် မှီငြမ်းကိုးကားအသုံးပြုနိုင်ရန် လိုက်ဝယ်ရအောင်ယူထားခြင်း။ | *အမျိုးသမီးအဖွဲ့ အစည်းများ / NGO များ၏အခန်းကဏ္ဍ။*<br>(က) လျော်ကြေးငွေဖြင့် ကျေအေးသော အမှုမျိုးတွင် အကျူးလွန် ခံရသူ အတွက် လျော်ကြေးငွေရရှိစေရန် စီမံဆောင်ရွက် ခြင်း။<br>(ခ) တရားရုံး၏ အမှုကြားနာစစ်ဆေးခြင်းအဆင့်ဆင့်ကို အသေး စိတ်အစီရင်ခံစာရေးသားခြင်း။<br>(ဂ)မိမိအဖွဲ့ အစည်းအား အကျူးလွန်ခံရသူအတွက် လိုအပ်သော စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အကြံပေးခြင်း၊ အားပေးခြင်း လုံ့ဆော် စည်းရုံးပေးခြင်း၊ ကူညီပံ့ပိုးပေးခြင်း စသည်တို့ကို အချိန်တိုင်း အဆင်သင့်ဖြစ်နေစေခြင်း။<br>(ဃ) မှတ်တမ်းတင်ထားချက်များအား မည်ကဲ့သို့ အသုံးချမည်ကို အကျူးလွန်ခံရသူ နှင့် တိုင်ပင်ဆွေးနွေးထားခြင်း။<br>(င) တရားရုံး၏ အမှုစီရင်ချက်၌ အမှုရှုံးပါက ( အမှုကို ပလပ်ခြင်း) အကျူးလွန်ခံရသူ နှင့် ဆွေးနွေးတိုင်ပင်၍ အခြားသင့်တော် သော နည်းလမ်းများကို ရှာခြင်း၊ မီဒီယာသတင်းနှင့် စာနယ်ဇင်းတို့ ကို ဆက်သွယ်ခြင်း၊ ကန့်ကွက်စာများတင်သွင်းခြင်း စသည်တို့ ဆောင်ရွက်ခြင်း<br>(စ)အကျူးလွန်ခံရသူအား နေရင်းနိုင်ငံပြန်ပို့ပါက လူဝင်မှုကြီးကြပ်ရေးဌာန (တောမော)နှင့် ဆက်သွယ်၍ လိုအပ်သလိုညှိနှိုင်း ဆောင်ရွက် ခြင်း။<br><br>*လူဝင်မှုကြီးကြပ်ရေးဌာန (တောမော)၏အခန်းကဏ္ဍ။*<br>(က) အကျူးလွန်ခံရသူ အမျိုးသမီးသည် မှတ်ပုံတင်းစာရွက်စာ တမ်းမရှိသော တရားမဝင်နေထိုင်သူဖြစ်ပါက သူမအား နေရပ်ရင်း နိုင်ငံသို့ ပြန်ပို့ရန် စီစဉ်မည်။ |

| အခက်အခဲပြဿနာများ | အကြံပြုချက်များ |
| --- | --- |
| တရားရုံး၏စီရင်ချက်သည် ပြစ်မှုတခုအတွက် ထိုက်တန်သည့်အရေးယူမှု အမြဲ ဖြစ်မနေခြင်း။ | ကန့်ကွက်စာကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ ဆက်လက်တင်သွင်းခြင်း။ အမှုအား အသံလွှင့်ဌာန၊ သတင်းနှင့် စာနယ်ဇင်းအားလုံးကို အသိပေး အကြောင်းကြားဆက်သွယ်ခြင်း။ |
| အမျိုးသမီးအဖွဲ့အစည်းအနေဖြင့် အသံလွှင့်ဌာန၊ သတင်းနှင့်စာနယ်ဇင်း (မီဒီယာ)များနှင့် ထိရောက်ကောင်းမွန်သော ဆက်သွယ်မှုမရှိခြင်း။ | ဂရုဏာသက်သူ မီဒီယာအဖွဲ့ဝင်များနှင့် လက်ဆင့်ကမ်းဆက်သွယ် အသိပေးဆောင်ရွက်ခြင်း။ (*ARM* နှင့်ဆက်စပ်၍) |

*တရားဥပဒေ၏အဆို (ဥပဒေပါအချက်အလက်များ)*

- ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် မ ၂၇၆
- မည်သူမဆို မိမိ၏ဇနီးမယားမဟုတ်သော၊ တခြားသောအမျိုးသမီးအား သူမ၏ ဆန္ဒမပါဘဲနှင့်သော်၎င်း၊ မည့်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို သုံး၍သော်၎င်း မည်သည့် အကြမ်းဖက်မှုမျိုးကိုမဆို သုံး၍၎င်း၊ အင်အားသုံးအနိုင်ကျင့်၍ ကာမဆက်ဆံခြင်း (သို့) တခြားသူနှင့်ထင်ယောင်ထင်မှားဖြစ်စေသောပုံစံဖြင့် ထိုအမျိုးသမီးအား လှည့်ဖျား၍ လိင်ဆက်ဆံမှုပြုခြင်းတို့ကို ပြုလုပ်ပါက ထောင်ဒဏ် ၄–နှစ်မှ ၂၀–နှစ်နှင့် ဒဏ်ငွေ ၈၀၀၀ ဘတ်မှ ၄၀၀၀၀ ဘတ်အထိကိုင်၎င်း ပူးတွဲ၍ ပြစ်ဒဏ် ချမှတ်ကျခံစေရမည်။

## နောက်ဆက်တွဲ (၁)

### *ဆေးရုံနှင့် ကျန်းမာရေးဌာနများ*

**စခန်းအတွင်း–**

တည်ရှိရာနေရာ　စခန်း၏အမည်　အဖွဲ့အစည်း　ဆက်သွယ်ရမည့်သူ၏အမည်

**စခန်း၏ပြင်ပ–**

**အရေးပေါ်တထောက်နား ဆေးကုဌာန**

ဌင်းဌာနများသည် ဆေးရုံများ၌ ရှိကြသည်။ အရေးပေါ်ဌာတွင် –
ကျန်းမာရေးစစ်ဆေးခြင်း (အဓိကလိုအပ်ချက်များ)
စိတ်ပိုင်းဆိုင်ရာ အကြံပြုပေးခြင်း
ဆေးမှတ်တမ်း (အစီရင်ခံစာ) ဖြည့်စွက်ခြင်း
အကယ်၍နစ်နာသူကာယကံရှင်က ရဲစခန်းသို့ မသွားလိုပါက အရေးပေါ်ဌာနမှ ရဲကိုဌာနသို့ လာရောက်ရန် ဆင့်ခေါ်နိုင်သည်။
ရဲဝန်ထမ်းမှ ရဲအမျိုးသမီးအရာရှိဖြစ်သင့်ပြီး၊ စိတ်ပိုင်းဆိုင်ရာ အကြံပေးများလည်းရှိနေသင့်သည်။
နစ်နာသူအမျိုးသမီးမှ ရုပ်သံဖမ်းစက်ပေါ်၌ ထွက်ဆိုချက်ပေးနိုင်သည်။
ဌင်းဌာနသည် ဥပဒေနှင့်ညီညွတ်သော အကူညီများကိုလည်း ကူညီပေးသင့်သည်။

ဌင်းဌာနတို့၏ တည်နေရာများမှာ

**ဘန်ကောက်နယ်မြေ**

| | |
|---|---|
| ၁။ ဆေးပညာသင်ကြားရေး ဌာနနှင့် ဝချီးရာဆေးရုံ (Medical Faculty and Wachira hospital) | ၀၂ ၂၄၆ ၁၄၀၀ |
| ၂။ ဆင်ထရယ်ဆေးရုံ (Central Hospital) | ၀၂ ၂၂၁ ၆၁၄၁–၅၀ |
| ၃။ ထပ်ဆင်ဆေးရုံ (Taksin Hospital) | ၀၂ ၄၃၇ ၁၂၀၆၊ ၀၂ ၄၃၈ ၄၂၀၈ |
| ၄။ ချားလ်လွန်ကွန်ပချားရတ်(ခ်) ဆေးရုံ (Charoen Krun Pracharak Hospital) | ၀၂ ၂၈၉ ၁၁၅၃၊ ၀၂ ၂၈၉ ၀၂၂၄ |
| ၅။ နောင်ကျုတ်ဆေးရုံ (Nong Jokk Hospital) | ၀၂ ၅၄၃ ၁၃၀၇၊ ၀၂ ၅၄၃ ၁၁၅၀ |
| ၆။ လွမ်းဂ်ပေါ်ထဝီဆတ်ဆေးရုံ (Lung Por Taweesak) | ၀၂ ၄၂၉ ၃၀၅၅ |
| ၇။ လ(ခ်) ကရပင် ဆေးရုံ (Lak Krapang) | ၀၂ ၃၂၆ ၇၂၃၂–၃ |

**အလယ်ပိုင်းတိုင်း**

| | |
|---|---|
| ၁။ ပရာဝ်သရမ်ဆေးရုံ (Phaothatam) | ၀၃၂ ၃၅၅၃၀၀– ၁<br>အိပ်ချိန်း ၄၇၉၄၈၀ |
| ၂။ ရာချ်ဘူရီဆေးရုံ (Ratchaburi) | ၀၃၂ ၃၂၇၉၀၁–၈<br>အိပ်ချိန်း ၁၃၀၇ |
| ၃။ ဆုံတစ်ပရာဖူသာလတ်တလာဆေးရုံ (Somdetphraphutthartla) | ၀၃၄ ၇၂၃၀၄၄–၉<br>အိပ်ချိန်း ၆၁၁၈ |
| ၄။ စာရာဘူရီဆေးရုံ (Saraburi) | ၀၃၆ ၂၂၃၈၁၂ |
| ၅။ ဘန်မီဆေးရုံ (Banmee) | ၀၃၆ ၆၂၈၀၃၁ |
| ၆။ နခွန်ပင်ဆေးရုံ (Pathum Thani) | ၀၂ ၅၈၁၅၇၃၃<br>အိပ်ချိန်း ၂၂၈၂၃၁ /<br>၀၂ ၅၈၁၁၂၉၇ |

**မြောက်ပိုင်းတိုင်း**

| | |
|---|---|
| ၁။ နခ့ခေါ်ဖိင်းဆေးရုံ (Nakronping) | ၀၅၃ ၈၉၀၇၅၅<br>အိပ်ချိန်း ၂၇၂– ၂၇၄– ၁၂၈– ၂၀၃ |
| ၂။ ချင်းရိုင်းပရာချာနုတ်ခေါ်ဆေးရုံ (Chai Rai Prachanukhor) | ၀၅၃–၇၁၁၃၀၀<br>အိပ်ချိန်း ၂၈၅–၇၀၃/ ၀၅၃–၇၆၅၅၃၇ |
| ၃။ ချင်းခမ်ဆေးရုံ (Chaingkam) | ၀၅၃ ၇၅၆ ၅၃၇<br>အိပ်ချိန်း ၂၈၅– ၇၀၃/ ဟော့လိုင်း၀၅၃ ၇၅၆၅၃၇ |
| ၄။ ဖာရိုဆေးရုံ (Phayao) | ၀၅၃ ၄၁၀၅၀၁–၁၁ အိပ်ချိန်း ၃၁၆ |
| ၅။ ပရာဖူသာချင်နာရတ်ဆေးရုံ (Praphutthachinnarat) | ၀၅၄ ၄၁၀၅၀၁–၁၁ အိပ်ချိန်း ၁၁၁၆– ၁၅၂၀ |
| ၆။ ဖရေဆေးရုံ (Phare) | ၀၅၅ ၂၁၉၈၄၄ အိပ်ချိန်း ၁၂၁၃၂<br>၀၅၄ ၅၁၁၅၈၄ / ၀၅၄ ၂၂၃၆၂၃ |
| ၇။ လန်းပန်ဆေးရုံ (lamphang) | အိပ်ချိန်း ၁၂၀၀– ၁/ ၀၅၄ ၂၁၇၀၄၅ |
| ၈။ ဦးထာရတစ် (Uttaradit) | ၀၅၅ ၄၁၄၄၈၄ အိပ်ချိန်း ၅၇၅ |
| ၉။ မဲဆောက် ( Mae Sot) | ၀၅၅–၅၃၂၃၀၄ |
| ၁၀။ မယ်ဟောင်းဆောင် ( Mae Hong Son) | ၀၅၃–၆၁၁၃၉၈ အိပ်ချိန်း ၅၀၀၆ – ၁၅၀၂ |

**အရှေ့ပိုင်းတိုင်း**

| | |
|---|---|
| ၁။ ချွန်ဘူရီဆေးရုံ (Chon Buri) | ၀၃၈ ၂၇၄၂၀၀–၇ အိပ်ချိန်း ၅၃၈၈ |
| ၂။ ရောင်ဆေးရုံ (Rayong) | ၀၆၆၉ ၀၃၈၆၁၇၄၅၁ အိပ်ချိန်း ၁၃၆ |

**အရှေ့မြောက်ပိုင်းတိုင်း**

| | |
|---|---|
| ၁။ ခွန်ကဲဦဆေးရုံ (Khon Khaen) | ၀၄၃ ၃၃၆၇၈၉ အိပ်ချိန်း ၁၂၅၈ |
| ၂။ မဟာရတ်ချိနာခွန်ရာတ်ချာစိမာဆေးရုံ (Maharai Nakhon Ratchasima) | ၀၄၄ ၃၄၁၃၁၀– ၃၈<br>အိပ်ချိန်း ၁၁၉၉ |
| ၃။ ရိုင်အိတ်ဆေးရုံ (Roi Et) | ၀၄၃ ၅၁၈၂၀၀<br>အိပ်ချိန်း ၁၅၂ / ၀၄၃ ၅၂၇၁၆၈ |
| ၄။ ဥဒွန်ထာနီဆေးရုံ (Udon Thhani) | ၀၄၂ ၂၄၅၅၅၅– ၀၄၂ ၂၄၆၆၅၅<br>အိပ်ချိန်း ၃၁၃၂ |
| ၅။ အမ်နပ်ချာရွန်ဆေးရုံ (Amnat Charoen) | ၀၄၅ ၅၁၁၉၄၁– ၈<br>အိပ်ချိန်း ၁၂၂၀ –၃ |

**တောင်ပိုင်းတိုင်း**

| | |
|---|---|
| ၁။ ကရာဘီဆေးရုံ (Karbi) | ၀၇၅ ၆၁၂၂၁၂ အိပ်ချိန်း ၂၀၁၇ |
| ၂။ ချန်ဘွန်ဆေး (Chumporn) | ၀၇၅ ၅၀၅၉၄၀ /၀၁ ၇၃၇၁၆၁၅ |
| ၃။ သပ်ရူပါဆေးရုံ (Takruapha) | ၀၇၆ ၄၂၁၇၇၀<br>အိပ်ချိန်း ၅၀၁၆/ ၁၁၁၈ |
| ၄။ ရလာ်ဆေးရုံ (Yala) | ၀၇၃ ၂၁၂၆၆၈ |
| ၅။ စူရတ်ထာနီဆေးရုံ (Suratthani) | ၀၇၇ ၂၇၂၂၃၁/ ၀၇၇ ၂၈၄၇၀၀<br>အိပ်ချိန်း ၂၀၇၃ |
| ၆။ ရနောင်း (Ranong) | ၀၇၇ – ၈၁၂၆၃၀ – ၃ အိပ်ချိန်၂၁၂၈ |

**သင်နေထိုင်ရာဒေသတွင် အရေးပေါ် အထူးကုဆေးရုံများမရှိပါက ပြည်သူ့ဆေးရုံသို့ သွားပါ။**

# နောက်ဆက်တွဲ (၂)

***အရေးပေါ်ပဋိသန္ဓေတားဆေးပြား၊ အီးစီပီအက်စ်*(ECPs)**

- ***အရေးပေါ်ပဋိသန္ဓေတားဆေးဆိုသည်မှာ အဘယ်နည်း။***

အရေးပေါ်ပဋိသန္ဓေတားဆေးဆိုသည်မှာ လိင်(ကာမ)ဆက်ဆံပြီးချိန်မှ ၇၂ နာရီအတွင်း သောက်ရန်ဖြစ်ပြီး၊ ၎င်းဆေး၏အာနိသင်မှာ ကလေး(ကိုယ်ဝန်) မရရှိအောင် ကာကွယ်တားဆီးနိုင်သည်။ ဤဆေးများကို အရေးပေါ်အခြေအနေများ၌သာ သုံးသင့်သည်။ မုဒိမ်းမှုများ၌ ကျူးလွန်သူက ၎င်း၏လိင်အင်္ဂါကို မည်သည့်ကာကွယ်မှုမှ မပြုလုပ်ဘဲ လိင်ဆက်ဆံခြင်း(သို့) လိင်တံစွပ်ကွန်ဒွန် ပေါက်ခြင်း စသောအခြေအနေမျိုးတွင်သုံးရန်ဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းများ အနေဖြင့် ၎င်းပဋိသန္ဓေတားဆေးကို အရေးပေါ်ကိစ္စများအတွက် အရံသင့်ထားရှိသင့်သည်။

- ***အီးစီပီအက်စ် အမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ။***

အီးစီပီအက်စ် ပဋိသန္ဓေတားဆေး အမျိုးအစား နှစ်မျိုးရှိရာ၊ ၎င်းတို့မှာ ပရိုဂျက်စတင်ဆေးပြား (POPs)နှင့် ပေါင်းစပ်သောက်ဆေး (COCs)ဖြစ်သည်။

*POPs(ပဋိသန္ဓေတားဆေးပြား)*

- လီဗိုနိုဂျက်စတယ်(လ်) ခေါ် 'မ'ဟော်မုန်းတမျိုးထဲသာရှိပြီး၊ ဆေးတစ်လုံးတွင် လီဗိုနိုဂျက်စတယ်(လ်) ၀.၇၅ မီလီကရမ်း ပါဝင်၏။ ထိုင်းနိုင်ငံ၌ (Postinor) ပိုစတင်နာ အမည်ဖြင့်ရောင်းချပြီး၊ ဆေးဘူး ၁ဘူးတွင် ဆေးကဒ် နှစ်ကဒ် ပါရှိ၏။ ဆေးဘူးတဘူး ဈေးနှုန်းမှာ ၃၅ ဘတ်ဖြစ်သည်။ ပထမဆုံးဆေးလုံးကို လိင်အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက် ၇၂နာရီအတွင်း သောက်ရမည်၊ ဒုတိယဆေးလုံးကို ပထမဆေးသောက်ပြီးနောက် ၁၂နာရီကြာပြီးမှ ထပ်သောက်ရမည်ဖြစ်သည်။
- ပထမဆုံးဆေးလုံးကို ၇၂ နာရီကြာအောင်မစောင့်ဘဲ ဖြစ်လျှင်ဖြစ်ခြင်း အမြန်ဆုံးသောက်နိုင်လျှင် ပို၍ထိရောက်သည်၊ စိတ်ချရသည်။ ၂၄ နာရီအတွင်း၌သောက်လျှင် ၉၅ ရာခိုင်နှုန်းမျှ စိတ်ချရ၍၊ ၇၂ နာရီအတွင်းသောက်သုံးပါက ၈၅ ရာခိုင်နှုန်း စိတ်ချရသည်။

*COCs (ပဋိသန္ဓေတားဆေး)*

- ၇၂ နာရီအတွင်းသောက်သုံးပါက ၅၇ရာခိုင်နှုန်း စိတ်ချရ၍၊ ၂၄ နာရီအတွင်း သောက်ပါက ၈၅ ရာခိုင်နှုန်း စိတ်ချရပါသည်။
- လီဗိုနိုဂျက်စတယ်(လ်)ခေါ် 'မ'ဟော်မုန်းနှင့် အီသိုင်းအက်စ်တာတွယ် ခေါ် 'မ'ဟော်မုန်းနှစ်မျိုး ပေါင်းစပ်ပါဝင်သည်။
- ထိုင်းနိုင်ငံရှိ ဆေးအရောင်းဆိုင်များတွင် ၎င်းဆေးကို ကဒ်လိုက်၊ အစုံလိုက်ရောင်းချသည်။ အရေးပေါ်သန္ဓေတားဆေး (၇၂ )နာရီအတွင်းသုံးဆေးဟု သေချာအောင် မေး၍ ဝယ်ပါ။ ဈေးနှုန်းမှာ တစုံကို ဘတ် ၆၀ မှ ၁၀၀ ကြား ရှိသည်။

***ထိုင်းနိုင်ငံတွင် အရေးပေါ်သန္ဓေတားဆေးဝယ်ယူရန် မည်ကဲ့သို့မေးရမည်နည်း။***

- ထိုင်းဘာသာစကားဖြင့် အများကခေါ်ဝေါ်သည့် စကားလုံးမှာ– *(ယာမြစ်ခွန်း(မ်) ကမ်နွက်၊ ချုပ်ချိမ်)* ဖြစ်သည်။
- သို့သော် POP ဆေးပြားလိုချင်ပါက (ပို့စတီးနာ) ဟု မေးပါ။

- *ECPs ကိုမည်သူများသုံးနိုင်သနည်း။*

  အရွယ်ရောက်ပြီးသည့်အမျိုးသမီးတိုင်း သုံးနိုင်သည်။ ခေါင်းတစ်ခြမ်းကိုက်ရောဂါ(မိုက်ကရိမ်း)၊ နှလုံးအားနည်းခြင်းနှင့် သွေးကြောကျဉ်းရောဂါရှိသူများ၊ အသည်းခြောက် သည့် ရောဂါသူများအတွက် သောက်သုံးရန် မသင့်လျော်ပါ။

**ECPs သန္ဓေတားဆေးသောက်သုံးခြင်းကြောင့် အခြားဘေးထွက်ဝေဒနာများခံစားနိုင်ပါသလား။**

- "ခံစားနိုင်"ပါသည်။ ၎င်းတို့မှာ –

– မူးမော်ခြင်း၊ 'ပို့'ခြင်း၊
– အော့အန်ခြင်း၊
–ခေါင်းကိုက်ခြင်း၊
–မူးဝေခြင်း၊
–မောပန်းနွမ်းနယ်ခြင်း၊
–နို့အုံ၊ ရင်ဘတ်နာခြင်း၊
–အချိန်မတိုင်ဘဲ သွေးဆင်းခြင်း၊
–ရာသီသွေးထိမ်ခြင်း

ဤလက္ခဏာများသည် ဒုတိယဆေးလုံးသောက်ပြီး ၂၄နာရီအတွင်း၌သာဖြစ်၍ ဝေဒနာခံစားချိန်ကြာရှည်မည်မဟုတ်ပေ။ ပို့ခြင်း၊ အော့အန်ခြင်း၊ မူးဝေခြင်းဝေဒနာ တို့ကို POPs သောက်ခြင်းထက် COCs သောက်သည့်အခါ၌ ပိုမို အဖြစ်များသည်။ မူးဝေခြင်းမဖြစ်ရန် (Antiemetic drugs) အမူးကာကွယ်သည့်ဆေးကို သောက်သုံး၍ သက်သာနိုင်ပါသည်။

❑ **အကြံပေးရမည့် အချက်များ**

–ဆေးသောက်ရမည့် အကြိမ်၊ တကြိမ်တွင် ဆေးဘယ်နှစ်ပြားသောက်ရမည် ။
–အမူးကာကွယ်ဆေးကိုသောက်သုံးခြင်းဖြင့် ပိုစတင်ဂျင်ပါသန္ဓေတားဆေးကြောင့် ဖြစ်တတ်သောပို့ခြင်း၊ အော့အန်ခြင်းတို့ကိုသက်သာစေနိုင်သည်။
–ပိုစတင်ဂျင် ပါသောသန္ဓေတားဆေးပြားက ပို့ခြင်း၊ အော့အန်ခြင်းနှင့် မူးခြင်းတို့ကို အဖြစ်နည်းစေ၏။
–လိင်အကာအကွယ်မရှိဘဲ လိင်ဆက်ဆံပြီးနောက် ၇၂ နာရီအတွင်း သောက်သုံးရန်နှင့် အချိန်စော သောက်သုံးနိုင်လေ၊ အကျိုးရှိလေဖြစ်သည်။
–အကယ်၍ ရာသီသွေးဆင်းချိန်တွင် ပုံမှန်လာချိန်ထက် တပတ်နောက်ကျနေပါက ကိုယ်ဝန်ရှိမရှိ စစ်ဆေးရန် အကြံပြုပါ။
–ဆေးသောက်ပြီးချိန်မှ ၂ နာရီအတွင်း အန်ပါက ဆေးကို နောက်တကြိမ်ပြန်သောက်ရန် တချို့ပညာရှင်များက အကြံပြုသည်။
–ECPsသန္ဓေတားဆေးများကို ဆေးဆိုင်များ၌ မေးမြန်းစုံစမ်းနိုင်သည်။
–ECPsအရေးပေါ်သန္ဓေတားဆေးသည် ရာသီသွေးကို ချက်ချင်းမလာစေနိုင်ပါ။ ပုံမှန်ထက် ရက်အနည်းငယ်စောခြင်း (သို့မဟုတ်)နောက်ကျခြင်း ရှိနိုင်သည်။

## နောက်ဆက်တွဲ (၃)

**မိမိတို့အချင်းချင်း အားပေးထောက်ပံ့ခြင်းဆိုင်ရာ ဆက်သွယ်လုပ်ရှားဆောင်ရွက်ရေး အဖွဲ့အစည်းများ၏ မှတ်တမ်း စာအုပ်တအုပ် ရေးသားပြုစုခြင်း။**

**သင်တို့အနေနှင့် မိမိတို့အချင်းချင်း အားပေးထောက်ပံ့ခြင်းဆိုင်ရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးနေသောအဖွဲ့အစည်းများအကြောင်းဖော်ပြထားသော စာအုပ်တအုပ် သို့မဟုတ် ကဒ်များ ရေးသားပြုစုခြင်း။**

၁။ သင်၏ဒေသအတွင်းရှိ လိင်အကြမ်းဖက်ခြင်းခံရသူများအတွက် ဆောင်ရွက်လုပ်ကိုင်နေသော အဖွဲ့အစည်းများ၏ အမည်စာရင်းပြုစုပါ။

၂။ ၎င်းအဖွဲ့အစည်းများ၏ လိပ်စာ၊ ဖုန်းနံပတ်နှင့် ဆက်သွယ်နိုင်သည့်ပုဂ္ဂိုလ်၏ အမည်များကို စာရင်းပြုစုပါ။

၃။ ၎င်းစာရင်းပြုစုထားသော အဖွဲ့အစည်းများ၏စာရင်းကို သင်၏စီမံချက်လုပ်ငန်းမှ ဝန်ထမ်းများအားလုံး သိရှိနေပါစေ။

၄။ အကူအညီတောင်းခံသူ (အမှုသည်) များအား သင်ကတဆင့် လွှဲအပ်သူ၊ ဌာနများသည် အမှုသည်နှင့်ပတ်သက်၍ အပြင်လူမသိအောင် လျှို့ဝှက်ထားမှုများထားရှိမည် ဖြစ်ကြောင်း အသေအချာ အသိပေးပါ။

အားပေးထောက်ပံ့ခြင်းများပေးနေသော အဖွဲ့အစည်းများကို ဖော်ပြထားသည့်စာအုပ်(သို့) ကဒ်များကို အစီအစဉ်တကျ အမျိုးအစားခွဲခြား၍ ရေးသားပြုစုနိုင်သည်။ ဥပမာ–

အဖွဲ့အစည်းများ၏အမည် *လိပ်စာ* *တယ်လီဖုန်းနံပါတ်*

- အရေးပေါ်ပဋိသန္ဓေတားခြင်းဆိုင်ရာဝန်ဆောင်မှုပေးသော လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ
- STI ရှာဖွေစစ်ဆေးခြင်းနှင့် ကုသပေးခြင်းတို့ကိုလုပ်ဆောင်ပေးသည့် လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ
- (HIV/AIDS) ခုခံအားကျဆင်းစေသောရောဂါပိုးနှင့် ရောဂါပြလက္ခဏာအတွက် ကြိုတင်ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးများကို လုပ်ဆောင်သည့် လူမှုအဖွဲ့စည်းများ/ဆေးခန်းများ
- (HIV/AIDS)ရှိမရှိစမ်းသပ်ပေးနိုင်သည့် လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ
- လိင်အကြမ်းဖက်ခံရသော သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံသော အမျိုးသမီးများအတွက် ဝန်ဆောင်ပေးသော လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ
- သားဆက်ပြန့်ပွားရေးဆိုင်ရာ ကျန်းမာရေးအတွက် ဝန်ဆောင်မှုပေးသော လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ၊ ဌာနများ။
- စိတ်ပညာ/ စိတ်ကျန်းမာရေးဆိုင်ရာ နှစ်သိမ့်အကြံပေးခြင်းများပေးသည့် လူမှုအဖွဲ့အစည်းများ /ဆေးခန်းများ၊ ဌာနများ။
- ဆယ်ကျော်သက်ရွယ်များအတွက် ဆောင်ရွက် လုပ်ကိုင်ပေးနေသော လူမှုအဖွဲ့အစည်းများ၊
- အမျိုးသမီးများအတွက် ဥပဒေကြောင်းဆိုင်ရာအကြံဉာဏ်များနှင့်အကူအညီများပေးသည့် လူမှုအဖွဲ့အစည်းများ
- အမျိုးသမီးများ၊ အရွယ်ရောက်မိန်းကလေးများနှင့် ကလေးသူငယ်များနှင့် လုပ်ကိုင်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများ



Burmese ARM.pmd 47 12/18/2005, 11:25 AM